www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပန်းစိတ်ကူး

နီကိုရဲ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၂ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မောင်မျိုး
(ကြောင်နှစ်ကောင်)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်ညလုံး အုံ့မှောင် အိုက်စပ်နေပြီး မနက်လင်းအားကြီးမှ ရွာချလိုက်တဲ့မိုးကြောင့် ယဉ်ဒွေး မျက်လုံးတွေ လင်းကွင်းလိုကျယ်ကုန်ပြီး ဖင်ခုထိုင်ထားတဲ့ ပလတ်စတစ်အခေါက်ကို ဖြန့်ခြုံလိုက်တယ်။

ပလတ်စတစ်အနားစနှစ်စကို ပုခုံးထက် လည်ပင်းအောက်နားလောက် တွဲချည်ပြီးမှ ပန်းထုံးတွေပေါ် အုပ်ထားတဲ့ ရေစိုပုဆိုးပိုင်းကို ဆွဲခွာချတယ်။

"ဟဲ့. . . နင့်ပန်းတွေက မနေ့ကကျန်တာ မဟုတ်ဘူးလား၊ တော်ကြာ မိုးပေါက်မှန်လို့ ချက်ပြုကုန်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်က ဒေါ်တိုး လှမ်းအော် သတိပေးပေမယ့် ယဉ်ဒွေးစိတ်ထဲ ကိုယ့်အတွေးနဲ့ကိုယ် မှန်တယ်လို့ယူဆပြီး ခပ်အေးအေးပဲ. . . ခင်ဗျ။ စောစောက မိုးလင်းမှပဲ ခင်းတော့မယ်ဆိုပြီး ဈေးဝင်းနံရံမှီကာ ငိုက်မျဉ်းနေတုန်း မိုးရွာချလိုက်မှ ဒီအတွေးက ဝင်လာတာပါ။

သစ်ပင်ပန်းမာန်တွေဟာ ရေတစ်ထမ်းထက် မိုးရေတစ်ပေါက်ကို မက်မောတယ်ဆိုတာ ငြင်းစရာမရှိဘူးမဟုတ်လား။ ခုတော့ အချိန်ကောင်းလေး မိုးရွာချလိုက်တော့ မိုးရေနဲ့ လက်ကျန်ပန်းတွေ အားပြည့်ပြီး လန်းလာရင် ရှယ်ပေါ့။ တစ်ညလုံး ရေထောင်မယ့်အစား တစ်မနက်ပဲ မိုးလှန်းလိုက် ရပြီ။

လောလောဆယ် သူလုပ်ဖို့က ပန်းတွေ အထုံးလိုက်ထားထားရင် အပေါ်က အအေးမိလို့ အထဲမှာလှောင်ပြီး ခါးညွန့်တွေ နွမ်းမှာပဲစိုးရတာလေ။ အဲဒါကြောင့် စောစောစီးစီး ဆိုင်ခင်းပြီး မိုးလှန်းထားလိုက်ရုံပဲပေါ့။ အဟက်ဟက်. . . ခွင့်တည့်ချင်တော့ အဲ့သလို. . .။

ယဉ်ဒွေး ဆိုင်ခင်းပြီးမှ ကျေနပ်သွားသလိုမျိုး ပလတ်စတစ်ခြုံထည်နဲ့ သူ့ဆိုင်ခင်းလေးရှေ့ကနေ ရပ်ကြည့်လိုက်တယ်။ ကိုယ်တိုင်က ပန်းရောင်းတာဆိုပေမယ့် ဒီလိုကြည့်တဲ့အခါမှာတော့ ဝယ်သူတစ်ယောက်ရဲ့မျက်လုံးနဲ့ ကြည့်တာပါ။ ခရမ်းချဉ်သီးသေတ္တာပုံးပေါ် ဝါးကပ်တင်ပြီး ပန်းတွေ လှဲ. . . စီ. . . တင်ထပ်ပြီး ရောင်းတာတော့





ရောင်းကြတာပဲ။ ဒီပန်းတန်းတစ်တန်းလုံး ဒီလိုပဲ ခင်းရောင်းကြတာ။ ဒါပေမယ့် ယဉ်ဒွေးစိတ်ကူးက နည်းနည်းထူးတယ်ပဲ ပြောရမလား။ သူ့ဆိုင်ရှေ့ ဝယ်သူမတ်တပ်ရပ်ရင် မဝယ်ဖြစ်ဘူးဆိုရင်တောင် လှည့်ကြည့်လှည့်ကြည့်နဲ့ လိုချင်မျက်စိလေးဖြစ်သွားရမယ်ဆိုတဲ့ ပုံမျိုး ပြင်ဆင်ထားတာလေ။ အဲ့ဒီအတွက် အခေါ်ပန်းကို ဘယ်လိုထားမယ်၊ အခံပန်းကို ဘယ်လိုစီမယ် လက်ကျန်ပန်းကို ပန်းသည်တိုင်း ပြန်ထည့်ရောင်းကြတာချည်းပဲ။ ယဉ်ဒွေးက မဟုတ်ဘူး။ လက်ကျန်နဲ့ ပန်းအသစ်က ဘယ်လိုကွာသလဲ၊ ဘယ်နားမှာကွာသလဲ၊ အဲ့ဒါကိုလေ့လာပြီး ပန်းအသစ်အတိုင်းဖြစ်အောင် တတ်နိုင်သမျှပြုပြင်ပြီးရောင်းတယ်။ ပြီးတော့ ပန်း ရှားရှား ပေါပေါ ဘယ်တော့မှ တစ်ပွင့်ကောင်းမကိုင်ဘူး။ သူ့ဆိုင်မှာ ပန်းစုံတယ်၊ နှင်းဆီ၊ စံပယ်ကအစ မေမြို့ ဂန္ဓမာ အစုံပါတယ်။ သပြေဆိုလည်း တောသပြေ၊ ခြံသပြေ၊ အခုခေတ်စားနေတဲ့ အာစီယံသပြေအထိ သူ့ဆိုင်မှာရှိတယ်။

ဆိုင်ဆိုလို့ အမိုးအကာ အစုံအလင်ပါတဲ့ ဆိုင်မျိုးတော့မဟုတ်ဘူးခင်ဗျ။ ခရမ်းချဉ်သီးသေတ္တာ ဆယ်လုံးကို ဂငယ်ပုံ ဝိုင်းပတ်ခင်းပြီး အဲ့ဒီအပေါ်မှာ ဝါးကပ်ကိုတင် ဝါးကပ်ပေါ်မှာမှ ပန်းတွေကို အရောင်မထပ်စေဘဲ အရောင်တွဲစပ်ပြီး ခင်းကျင်းရောင်းချတာပါ။ လူကတော့ မတ်တပ်ပေါ့။ မနက်ဆယ်နာရီ အလွန်ဆုံး ဆယ့်တစ်နာရီအထိ အများ



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဆိုတဲ့[illegible]ယီဆိုင်ခင်းပဲ။ ဆိုင်သိမ်းရင် အဲ့ဒီသေတ္တာတွေ ဝါးကပ်တွေ ဈေးဝင်းနံရံနားစီထပ် ကပ်သိမ်းထားခဲ့လိုက်တာပါပဲ။

(၆)နာရီလောက်ဆို ဈေးကစည်လာပြီ။ ဒါပေမယ့်လည်း 'ပန်း' ဆိုတာမျိုးက စားကုန်သောက်ကုန်မဟုတ်လေတော့ စောစောစီးစီး ရောင်းရတာမျိုးက ဆယ်ခါတစ်ခါရယ်။ မင်္ဂလာဆောင်တွေ၊ အလှူပွဲတွေ၊ သာရေးနာရေး ဘာသာရေးပွဲတွေအတွက် ပန်းလိုတယ်ဆိုလည်း အကျဉ်းလိုတာလောက်ပဲ။ မနက်ခင်း စောစောကြီးလာဝယ်ကြတာ သေချာတာကတော့ ဘုရားပန်းလဲ၊ နတ်အိုးလဲတာလောက်ပဲ မှီရောင်းရတော့ကာ ဟင်းစားအတွက် ဈေးဝယ်ခြမ်းပြီးမှပဲ အပြန် ပန်းဝယ်ပြန်တာလေ။ တစ်ချို့လည်း ဈေးထဲ လူတိုးရတဲ့အခါ ပန်းကို အထိအခိုက်ဖြစ်မှာစိုးလို့ ဈေးဝယ်ပြီး အပြန်မှပဲ ပန်းဝယ်တယ်။ အဲ့ဒါကြောင့် (၆)နာရီ ဈေးစည်ပေမယ့် ပန်းရောင်းရတဲ့အချိန်က (၇)နာရီနောက်ပိုင်းပဲ ရှိတယ်။

ယဉ်ငွေး အစောကြီး ဆိုင်ခင်း၊ ပန်းတွေစီကာပြင်ကာနဲ့ (၆)နာရီ ထိုးတော့ မိုးပေါက်မိုးဖွဲလည်း စဲလုလုဖြစ်သွားတယ်။

ဒီချိန် ဈေးရုံထဲက ဦးကျော်လက်ဖက်ရည်ဆိုင်လည်း အကျရည်လေး နပ်လောက်ပြီလေ။

"ဒေါ်တိုးရေ ဆိုင် တစ်ချက်လောက်ကြည့်ပေးဗျာ"





ဒေါ်တိုးကလည်း သိတယ်။

"ဟဲ့. . . နင်ပြန်လာရင် ချိုဆိမ့်ပျစ်ပျစ်လေး ပါဆယ်ဆွဲခဲ့၊ ဦးကျော်ကို ပြောလိုက်. . . ဒေါ်တိုးအတွက်လို့"

"သိပါတယ်ဗျာ. . . ဘေမှတ်ခဲ့ရမှာလား"

ဒေါ်တိုး မျက်စောင်းထိုးလိုက်တယ်။

ဒါဆို ဘေပေါ့. . . ။



www.burmeseclassic.com

www.burmeseclassic.com

"အန်တီမြ ဈေးသွားရင် သမီး လိုက်မယ်နော်"

ယွန်းဝတီ ကော်ဖီသောက်ရင်း လှမ်းပြောလိုက်လို့ ဘေစင်မှာ
န်းကန်တွေဆေးကြောနေတဲ့ အန်တီမြ လှည့်ကြည့်ပြီး ခေါင်းညိတ်ပြ
တယ်။ သူမ မသိမသာလေး မျက်လုံးဝေ့ကြည့်တော့ ဒေါ်ကေသီ သူမကို
အကဲခတ်နေတယ်လေ။ အဟင်းဟင်းဟင်း. . . အင်းပေါ့။ ခုတော့ ရှင်
ချွန်မကို စောင့်ကြည့်ရပြီပေါ့။ ကြည့်လိုက်ပါဦး။ ယွန်းဝတီ ကိုယ်တိုင်
ရေးထားတဲ့ဇာတ်ညွှန်းကို ဘယ်လို တစ်ကဒ်ခြင်းရိုက်ပြမလဲဆိုတာ။

ဒီနေ့လို ဖေဖေ့ရဲ့နားရက်လည်းဖြစ်၊ မေမေရှိတုန်းက ဒီလို





မနက်ခင်းမျိုး မိသားစုကော်ဖီသောက်ရင်း စကားပြောကြရယ်မောကြနဲ့ ပျော်စရာမနက်ခင်းဆိုတာ ကြာခဲ့ပေမယ့် သူမအတွက် မေ့နိုင်စရာ မရှိခဲ့ပါဘူး။ အဲ့သလို နွေးထွေးတဲ့မနက်ခင်းဟာ အခုလိုမျိုး အေးစက် စေးခဲနေတဲ့ မနက်ခင်းမျိုး ဖြစ်လာလိမ့်မယ်လို့ သူမ တွေးထင်မထား ခဲ့မိတာလည်း အမှန်ပါပဲ။

ဒါပေမယ့် ဖြစ်နေခဲ့ပါပြီ။ မေမေ ဆုံးပါးသွားပြီး တစ်နှစ်ပြည့်တဲ့ အချိန်မှာပဲ မေမေ့အတွက် နှစ်လည်ဆွမ်းကို ဖေဖေက ဒေါ်ကေသီနဲ့ အတူ ကပ်လှူခဲ့တာပါ။ ခုတော့ ဒုတိယအိမ်ထောင်ဘက်အဖြစ် ဒေါ်ကေ သီကို ဖေဖေ တရားဝင် လက်ထပ်ခဲ့တာပဲ တစ်နှစ်လောက်ရှိခဲ့ပါပြီ။ သူမအတွက် တစ်ပတ်တစ်ရက် ဖေဖေ့နားရက်လေးရဲ့ မိသားစုမနက် ခင်းလေး အေးစက်ခဲ့တာလည်း တစ်နှစ်နီးပါး ရှိပြီပေါ့။

"သမီး ဈေးလိုက်မလို့လား"

ဖေဖေ လက်ထဲက သတင်းစာကိုချပြီး လှမ်းမေးရင်း ကော်ဖီ ယူသောက်လိုက်တယ်။ သူမလည်း ကြက်ဥအကာကျက်ကလေး ခေါက် စားရင်းနဲ့ ခေါင်းညိတ်ပြလိုက်တယ်။

"ဖေဖေ့ကားယူသွားလေ"

ထိုအခါ ဒေါ်ကေသီက . . .

"ဈေးက ဘယ်လောက်များဝေးလို့လည်း ကိုရယ်၊ အန်တီမြဆို



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းအခါလမ်းလျှောက်သွားနေတာ"

"ကိုယ်. . . သိပါတယ်၊ သမီး ကားမမောင်းတာကြာလို့ မောင်းရအောင်လို့ပါ"

"အဲ့ဒါကြောင့် သိပြောတာလေ၊ မမောင်းတာကြာတော့ အန္တရာယ်ဖြစ်ဖို့ မနီးစပ်လွန်းဘူးလား"

ဆက်ပြောလည်း ဇနီးသည်က ဆက်ပြီး ကန့်ကွက်နေဦးမှာမို့လို့ ဦးဘဇော် မပြောတော့ဘဲ သမီးဖြစ်သူကို အားနာသလိုပြုံးပြရင်း. . .

"သမီးရော ကားမောင်းတာကို မေ့နေပြီလား. . ."

"မေ့စရာလားဖေဖေရယ်၊ ဒရိုင်ဘာတစ်ယောက်ရဲ့ ကျွမ်းကျင်မှုမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုက ငါးဆယ်ရာခိုင်နှုန်းပါတယ်လေ၊ ဖေဖေ့သမီးက ဘယ်သူ့သမီးမို့လို့လဲ"

"အာ. . . အေးပါကွာ. . . အဟားဟားဟား. . . ဟုတ်ပြီ၊ ဒါဆို သမီးအတွက် ကားဝယ်ဖို့ ဆုံးဖြတ်လိုက်ပြီကွာ"

"ဖေဖေ တကယ်လား"

"တကယ်ပေါ့. . ."

"ကို. . ."

ဒေါ်ကေသီဆီ သားအဖနှစ်ယောက်လုံး အကြည့်ရောက်သွားတယ်။ ဟန်မဆောင်နိုင်လောက်အောင်ပင် မျက်စိမျက်နှာပျက်နေတဲ့





ဒေါ်ကေသီက ချက်ချင်းပဲ မျက်လုံးအဲရောင်ကို ဖျော့ပစ်ပြီး. . .

"တိတိယပတ် အစည်းအဝေးမှာ စက်ရုံသစ်အတွက် ရင်းနှီးမြှုပ်နှံမှုကို ကို အတည်ပြုပေးရမယ်လေ၊ သတ်မှတ်စံနှုန်းပြည့်မီဖို့ ကိုစည်သူတို့ဆီက အကျိုးတူပူးပေါင်းဖို့တောင် ကမ်းလှမ်းခဲ့ရတာ သမီးအတွက် ကားဝယ်ဖို့ ဘယ်ပိုက်ဆံနဲ့သုံးမှာတုန်းကိုရဲ့၊ ကလေးဆိုတာ ကတိပေးပြီးရင် ကတိတည်အောင် လုပ်ပေးရတယ်၊ ဟို. . . သိ ကန့်ကွက်တာ မဟုတ်ဘူးနော်၊ ကတိပေးပြီး လုပ်မပေးနိုင်မှာစိုးလို့ ပြောနေတာ"

"ကို သိပါတယ်ကွာ၊ သမီးကလည်း နားလည်ပါတယ်"

"အန်တီမြ ဈေးသွားရအောင်"

ယွန်းဝတီဆီက စကားဝိုင်းနဲ့ မသက်ဆိုင်တဲ့စကားတစ်ခွန်းကြောင့် ဒေါ်ကေသီ မျက်နှာပျက်သွားပေမယ့် ချက်ချင်း ထိန်းထားနိုင်ခဲ့တယ်၊ ဖေဖေ့ရှေ့မှာ ဆိုတော့လေ။

"အန်တီမြရေ. . . သမီးလေးစားချင်တာရှိရင် ကျွန်မကြိုက်ကြိုက် မကြိုက်ကြိုက် အဆင်ပြေအောင် လုပ်ပေးလိုက်နော်"

"ဟုတ်ကဲ့ . . . ဆရာမ. . ."

ယွန်းဝတီ ဟားတိုက်ရယ်ချင်စိတ်ကို မြိုချပြီး ခြံအပြင်ဖက်ရောက်အောင် မနည်းအောင့်အင်းလာရတယ်။ အပြင်ရောက်မှ. . .

"အန်ချင်စရာကြီးနော် အန်တီမြ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပ. . . ဝတီရယ်၊ အန်တီမြလည်း အူကိုယားနေတာပါပဲ"

အန်တီမြက မေမေရှိစဉ်ကတည်းက မေမေ့လက်စွဲတော်ဆိုတော့ကာ ဒေါ်ကေသီရဲ့ ခုနှစ်လွှာမျက်နှာကို ခံစားလို့မရဘူးထင်ပါရဲ့။ အဲ့ဒါကြောင့်လည်း ယွန်းဝတီကို အိမ်ကနေ ဖယ်ထုတ်ဖို့ ဆရာတွေနဲ့ တွက်ချက်ပြီး အစီအရင်တွေလုပ်၊ နတ်ကတော်တွေအိမ်ခေါ်ပြီး ထိုင်ကန္တားပေးရင်း ဗုဒ္ဓဟူးသမီးကို နွားမုန်းခြံထုတ်လုပ်နေတဲ့ကိစ္စ အန်တီမြသိလို့ မခံမရပ်နိုင်ဖြစ်ပြီး ပြောပြတာလေ။ အန်တီမြ အိမ်မှာနေလာတာ ဆယ်နှစ်မှမကဟာ။ စကားရှုပ်တာ၊ ချောတာတိုက်တာလည်း မရှိဘူးတော့ သူမယုံကြည်တယ်။ ဒီ မိထွေးမရဲ့ အတ္တကိုလည်း သိနေတော့ကာ ဒီလုပ်ရပ်တွေအတွက် ငြင်းစရာမရှိဘူးပဲ။

ဒါပေမယ့်လည်း ခေတ်ပညာတတ် လူငယ်တစ်ယောက်ရဲ့ အမြင်နဲ့ နတ်တွေဓာတ်တွေ မယုံကြည်တော့ သိပ်တော့ ဂရုမစိုက်ဘူး ပေါ့။ တစ်ခုတော့ သူမစိတ်ထဲ လုပ်ချင်လာတယ်။ အဲ့ဒါကို ရွဲ့ချင်တယ်။ အယုံအစွဲကြီးပြီး ခေတ်နောက်ပြန်ဆွဲတဲ့ ဒေါ်ကေသီကို စိန်ခေါ်မှုတစ်ခုလောက် လုပ်ချင်လာတယ်။ အဲ့ဒါလေးပါ။

"မနေ့က အန်တီမြ ပြောလိုက်သေးလား"

"ပြောလိုက်တယ်လေ. . . ဝတီလေးမှာလိုက်တဲ့အတိုင်းပဲ အတည်ပေါက်နဲ့ ပြောချလိုက်တာ။ ဆရာမဆိုတာများ ပျာပျာသလဲကို မေးတော့





တာပဲ"

"အင်း. . . ဘယ်လိုမေးလဲ"

"ဘယ်မှာ သွားမေးတာလဲ. . . တဲ့၊ အဲ့ဒါနဲ့ အန်တီလည်းပြောတယ်လေ၊ ကျိုက္ကဆံဘုရားက ဆရာချိုဆီမှာလို့၊ အတိုက်လုပ်ထားတာတွေ့လို့ တန်ပြန်မလား၊ ကာမလားမေးတော့ ဝတီက တန်ပြန်မယ်၊ သူ့သေကိုယ်သေချမယ်လို့လည်း ပြောရော ဆရာက အစီရင်တွေရော ယတြာတွေပါ ပေးလိုက်တာ အများကြီးပဲ . . . လို့"

"အခစ်ခစ်ခစ်. . . ကောင်းတယ်. . . ကောင်းတယ်. . . အဲ့ဒါကြောင့် ဒီမနက် ဝတီဈေးလိုက်မယ်ဆိုတော့ မျက်ထောင့်နီကြီးနဲ့ ကြည့်နေတာလေ။ လုပ်မှာ. . . လုပ်ဦးမှာ. . . ဘယ်သူပြေးမလဲ ကြည့်ကြသေးတာပေါ့။

"ဒါပေမယ့် အန်တီမြ စိုးရိမ်တယ်သမီးရယ်၊ သူက တကယ့်ဆရာနဲ့ အမှန်အကန်လုပ်တာလေ၊ သမီးက ကိုယ့်စိတ်ကူးနဲ့ကိုယ် ဦးတည့်ရာလုပ်တာ"

"အို. . . သမီး အဲ့ဒါတွေ အယုံအကြည်မရှိဘူး၊ စိုးရိမ်မနေနဲ့၊ ဘာမှမဖြစ်ဘူး"

"အေးပါအေ. . . အန်တီကတော့ မမကြီးမသေခင် သမီးလေးကို စောင့်ရှောက်ပေးပါလို့ တဖွဖွမှာခဲ့တာကိုပဲ ကြားယောင်နေတော့ စိက်



www.burmeseclassic.com

www.burmeseclassic.com


မချနိုင်ဘူးကွယ်"

"သမီး နားလည်ပါတယ်၊ အန်တီမြ စိတ်ချသာနေ. . ."

ယွန်းဝတီ ပြောလည်းပြော၊ အန်တီမြ ခါးတုတ်တုတ်ကြီးကိုလည်း လှမ်းဖက်ပြီး လျှောက်လာခဲ့လိုက်တယ်။

■



## အခန်း (၂)

"အစ်မရေ. . . ပန်းကလေးတွေ အစ်မလိုပဲ လန်းတယ်ဗျာ၊ အရမ်းလှတာပဲ"

"ညင်း. . . ညင်း. . . ညင်း. . . ဟုတ်လို့လား၊ တို့က တကယ်ဝယ် မှာနော်"

"အဲဗျ. . ."

ယဉ်ရွှေး မျက်လုံးထဲ တကယ်မိန်းကလေးအမှတ်နဲ့ ခေါ်ပြောပြီးမှ ချော်တကောကြီးဖြစ်နေလို့ (မိန်းမလျာ) အိုးတိုးအတဖြစ်သွားတုန်း ကန့်ကရနဲ့ ရောက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ရွှေးပေးလေ. . . တို့လို လှလှလန်းလန်းလေးနော်. . . ဟွန်း”

“ဗျာ. . . ဟို. . . အစ်ကိုပဲ. . . အဲ. . . အဲ. . . အစ်မပဲ ရွှေးလေ ဗျာ”

“ဟင့်အင်း ရဘူး. . . ရဘူး. . . သူပဲ ရွှေးပေး၊ သူ့အကြိုက်ပဲ တို့ယူမှာ”

ယဉ်ဌေး ခေါင်းကုတ်လိုက် နှာခေါင်းပွတ်လိုက်နဲ့ လုပ်ရင်းက ပန်းရင်းပန်းကောင်းလေးတွေ ကောက်ကိုင်ပြီး . . .

“အစ်မက ဘယ်ပန်းကြိုက်တာလဲ”

“အဟီး. . . မတ်တပ်ပန်းတာပဲ ကြိုက်တယ်”

“ဗျာ. . . ”

“ဘွာ. . . ဘွာ. . . ယောင်လို့ပါ အကိတ်လေးရယ်၊ သူက အရမ်း ဆွဲဆောင်မှုရှိတော့ တို့ ဘာတွေပြောမိမှန်း မသိတော့ဘူး. . . ကဲ. . . ပေးပါ. . . ”

“အင်းလေ. . . ဘာပေးရမှာလဲ. . . ”

“အင်္ဂါနီ အမြစ်တစ်ထောင်ဘိုးနဲ့ အညွန့်တစ်ထောင်ဘိုးပေး”

“အဲ့သလိုလုပ်ပါအစ်မရယ်၊ ကဲ. . . ရော့. . . အမြစ်အတွက် ကဲ့ကော်. . . ဟောဒါက အညွန့်အတွက်. . . ရှက်လှ. . . ”

“တော်လိုက်တဲ့ မ,မောင်လေး၊ နောက်လည်း အားပေးမယ်နော်”





“ဟုတ်. . . ”

“အားမွေးထား. . . ”

“ဗျာ. . . ”

ယဉ်ဌေး တစ်ဗျာ. . . ဗျာနဲ့ မထိတ်သာမလန့်သာ ရောင်းနေ ပြီး ကိုရွှေချော်တကီး ထွက်သွားမှပဲ သက်ပြင်းချနိုင်တော့တယ်။

“ပန်းတွေ ဘယ်လိုရောင်းလဲ”

ယဉ်ဌေး လှမ်းကြည့်ပြီး နောက်ထပ် ချော်တကီးလားဆိုတဲ့ သံသယနဲ့ ခပ်တွန့်တွန့်ပဲ ပြန်ဖြေတယ်။ ဒီခေတ် မိန်းမလျာတွေဆိုတာ ကလည်း ကိုယ့်ဆရာသိတဲ့အတိုင်း အတုအစစ် အတော်ခွဲခြားရခက်တယ် ဆိုတာ ယဉ်ဌေး လက်တွေ့ ခံထားရတယ်ဆိုတော့ကာ. . .

“ယူပါခင်ဗျာ၊ ဂန္ဓမာ အဖြူအပွင့်ကြီးက သုံးထောင်ပါ၊ ဒါက အသေး ထောင့်ငါးရာပါ၊ ဒီဖက်က အက်စသာလေ၊ လှတယ် တစ်ထော ပဲပေး၊ ဒါက နှင်းပေါ်၊ ဟိုဖက်က မေမြို့၊ ကြယ်တာရာလည်းရှိတယ်နော် ကျောက်စိမ်းသပြေ၊ တော၊ ခြံ၊ အာစီယံ အစုံရတယ်၊ ဂေါ်သဇင်၊ ဂေါ် နှင်းဆီ၊ ရေမွှေး၊ စပါယ်၊ ကြက်ရုန်း၊ အစ်မလေး ဘာများ သီကုံးချင်ပ သလဲ”

“ဟင့်အင်း ယတြာပန်းအဖြစ် အသုံးပြုဖို့ပါ”

“ဟုတ်ကဲ့. . . ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမြရေ၊ လုပ်ပါဦး ဘယ်ဟာယူရရင် ကောင်းမလဲ"

"ဝတီလေး သင့်ရာယူလိုက်လေ"

ယွန်းဝတီ နသယ်စပ်ကလေး အသာကုတ်ဖွပြီး စဉ်းစားတယ်၊ ဖေဒင်၊ ယတြာနည်းတွေ သူမလည်း ဗဟုသုတမရှိလေတော့ . . .

"ဟိုလေ. . . ရှင်ပဲ စီစဉ်ပေးပါလား"

"ခင်ဗျာ. . . "

ယဉ်ငွေး အံ့အားသင့်သလို လှမ်းကြည့်ပေမယ့် အကြာကြီး စိုက်မကြည့်ရဲလောက်အောင် လှတဲ့ ဒီမိန်းကလေးကို ယောကျ်ားလား မိန်းမလားဆိုတာ ခုချိန်ထိ မသေချာနိုင်လို့ ရင်တောင် မခုန်ရဲတာ နှမျောစရာပါ။

"ကျွန်မ ယတြာအတွက် လိုချင်တဲ့ပန်းကို ရှင်ပဲ စီစဉ်ပေးပါလို့"

"အင်း. . . အသံကတော့ မိန်းမအသံပဲ"

"ရှင်. . . "

"ဩော်. . . ဆောရီး စောစောက မိန်းမလျှာ ဝင်နှောင့်သွားတော့ ခင်ဗျားကိုလည်း မိန်းမရောဟုတ်ရဲ့လားလို့ သံသယဖြစ်မိလို့ပါ"

"အိုကွယ်. . . ကျုပ်တူမက အစစ်ပါကွယ်. . . မင်းနှယ်"

ဒီတော့မှ ယဉ်ငွေး အားနာဟန်နဲ့ တောင်းပန်တယ်။





"တောင်းပန်ပါတယ် အဒေါ်ရယ်၊ ဒါနဲ့ ယတြာဟုတ်လား"

"ဟုတ်တယ်"

"ခက်တာပဲဗျာ၊ ကျွန်တော်က ဗေဒင်ဆရာမဟုတ်တော့ ဘယ်လို လုပ်ပေးရမလဲ"

ထိုအခါ သူမက ပြုံး၍ . . .

"စောစောက ဟိုတစ်ယောက်ကို ရှင်ပဲ ရွေးပေးနေတာလေ၊ အမြစ်တို့ အညွန့်တို့ဆိုလား၊ အဲဒါ. . . အဲဒါ. . . "

"ဩော်. . . အဲ့သလောက်တော့ရပါတယ်၊ ဒီက အစ်မလေးက ဘယ်နေ့နံအတွက် အမြစ်အညွန့်လိုချင်တာပါလဲ"

"အင်း. . . သောကြာပေါ့"

"မဟုတ်ဘူး ဝတီရဲ့၊ သူက နာမည်နဲ့ နေ့နံမကိုက်ဘူး၊ ဟိုနေ့က သူပြောတာ အန်တီကြားတယ်၊ သူက ဗုဒ္ဓဟူးသမီးတဲ့"

"ဟုတ်လား. . . ဒါဆို ဗုဒ္ဓဟူးရဲ့အမြစ်နဲ့ အညွန့်ပေါ့ ရမလား"

"အာ. . . ရပါတယ်ခင်ဗျ၊ ကဲ ဟောဒါ အမြစ် ဇီးညွန့်ပါ၊ ဒါက ပေါက်ပွင့်လေ အညွန့်နံ့ပေါ့"

"ဟုတ်ကဲ့၊ ဘယ်လောက်ကျလဲဟင်"

"အားလုံး ငါးရာပဲပေးပါ"

ငါးရာတန်တစ်ရွက် ထုတ်ပေးပြီး ကျေနပ်သွားတဲ့မျက်နှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတဲ့ ကောင်မလေးကို ယဉ်ဌေး ငေးရီကျန်ခဲ့တယ်။

"အစစ်ဆိုတော့ မဆိုးဘူးပဲ၊ ဒါလေးတော့ ခိုက်တယ်ကွာ"

ယဉ်ဌေးဘာသာ သတိလက်လွတ် ညည်းပြောလေးပြောပြီး ပန်းစည်းတွေ ပြန်နေရာချနေတုန်း ထွေးခင် ရောက်လာပြီး ခါးထောက်ပြီး ကြည့်တယ်။ ထွေးခင်က ယဉ်ဌေးနဲ့ အတန်းဖော်ပဲပြောရမလား၊ ဈေးဖော်ပဲပြောရမလား၊ အတော်အတွဲမိပြီး အတော်ခင်ကြတဲ့ သူငယ်ချင်းတွေပါ။ အဝေးသင်တက်တုန်းကလည်း မေဂျာတူ အတန်းတူဆိုတော့ ပိုပြီး ရင်းကြတယ်လေ။ ဈေးထဲမှာလည်း သူ့မျက်နှာချင်းဆိုင်က ဒေါ်တိုးရဲ့သမီး အထွေးဆုံးဆိုတော့ ပြီးပြီပေါ့။

"နင့်မျက်လုံးတွေ ငါဖောက်ထုတ်ပစ်ချင်တယ် သိလား"

"ဟေ. . ."

ယဉ်ဌေး လန့်ပြီး မော့ကြည့်တော့ ထွေးခင် မျက်စောင်းလေးနဲ့။

"နင် ငမ်းနေတာကို ပြောတာလေ၊ ဘာဖြစ်တယ်၊ အစစ်ဆိုတော့ မဆိုးဘူးပဲတဲ့၊ ဒါလေးတော့ ခိုက်တယ်ဆိုတာတောင် ပါသေး. . . ဟင်း"

"ဟာ. . . ထွေးခင်ရာ နင် ဘာတွေလာပြောနေမှန်းမသိဘူး"

"နင်ပြောတာကို ပြန်ပြောပြတာလေ"

ဆိုတော့ကာ ယဉ်ဌေး ရှက်ပြီးရယ်တယ်။ ရယ်ရင်းနဲ့. . .





"နင်. . . မြင်လိုက်လား၊ ရေလည်မိုက်တယ်ဟ"

"သက်ထားဖေခင်ကို ပြောတာလား"

"ဟင်. . . နင် သိလား"

"သိတာပေါ့၊ သူက အကြီးဆုံးလေ၊ သူ့အောက်က သက်ထားရွှေစင်တဲ့၊ သက်ထားမေခင်၊ သက်ထားဝေလွင် တဲ့၊ မောင်နှမလေးယောက်"

"ဟာ. . . ညီအစ်မလေးယောက် လုပ်စမ်းပါ"

"ဟဲ့. . . သက်ထားဖေခင်က အခြောက်ကြီးလေ"

"ဟမ်. . ."

"နတ်ကတော် ဖေခင်ဆရာလေ၊ အံမာ အရမ်းနာမည်ကြီးတာနော်"

ယဉ်ဌေး အူလည်ချာလိုက်သွားတဲ့မျက်နှာနဲ့ . . .

"နေ. . . နေစမ်းပါဦး၊ နင်ပြောတာ ဘယ်သူလဲ၊ ငါပြောတာ အခုလေးတင် ပန်းဝယ်ပြီးထွက်သွားတဲ့သူနော်"

"အေးလေ. . . ငါပြောတာလဲ အခုလေးတင် ဝယ်သွားတဲ့သူပဲ"

"ဟာ. . . အဲ. . . အဲဒါလည်း အတုကြီးပဲပေါ့"

"အေးပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"သေရောကွာ. . ."

အမှန်တော့ စိတ်ပျက်ချင်ယောင်ဆောင်လိုက်တာပါ၊ သက်ထားဖေခင်သာ အတူဖြစ်ချင်ဖြစ်မယ်။ ဝတီကတော့ အစစ်ဆိုတာ သိသာနေတာပဲ။

ယဉ်ဌေး စိတ်ပျက်သွားတာကို ကြည့်ပြီးမှ ထွေးခင် ကျေနပ်သွားဟန်နဲ့ လက်ကမ်းစာစောင်လေးတစ်ခု ထုတ်ပေးရင်း . . .

"အဲ့ဒါကြောင့် စွတ်ရွတ်ငမ်းမနေနဲ့၊ မသိရင် ငါ့ကိုမေး. . . ရော့. . ."

"ဘာလဲ. . ."

"နိုင်ငံခြားဘာသာသင်တန်းလေ၊ ပညာဒါနဖွင့်တာ ဂျပန်၊ တရုတ်၊ မလေး၊ ကိုရီးယားတဲ့၊ နင် ဘာတက်မှာလဲ"

ယဉ်ဌေး ဘာမှပြန်မပြောဘဲ စာရွက်ကို ယူဖတ်ကြည့်လိုက်တယ်၊ ပြီးမှ ထွေးခင်ကို ပြန်မေးတယ်။

"နင်ရော တက်မှာလား"

"လောလောဆယ်တော့ ခြံထဲက မန်ကျည်းပင်ပေါ်တက်ရဦးမယ်၊ မန်ကျည်းရွက်တွေ နုနေပြီဟ"

"ငါ အကောင်းပြောနေတာ"

"ငါလည်း အကောင်းပြောတာပဲ၊ ငါ အဲ့ဒါတွေတက်ပြီး ဘယ်





နေရာ သွားသုံးရမှာလဲ၊ လောလောဆယ် မန်ကျည်းပင်ပေါ်တက်တာက မန်ကျည်းရွက် တစ်အိတ်ရရင် တစ်ပုံတစ်ရာနဲ့ဆို တစ်ထောင်ကျော်ဘိုးလောက် သေချာတယ်၊ ငါ့အမေ မုဆိုးမကြီး တစ်ယောက်တည်း ရုန်းနေရတာ၊ အခု ငါလည်း ကျောင်းပြီးပြီဆိုတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေလေးရှာပေးမှ အမေ သက်သာမှာ၊ ငါ့အိမ်မှာက နင်သိတဲ့အတိုင်း မောင်နှမငါးယောက်ရဲ့ တစ်နေ့စရိတ်က နည်းလို့လား"

"ဒါတော့ဒါပေါ့ဟာ၊ ဒီသင်တန်းတွေတက်ထားပြီး ပြည်ပထွက်အလုပ်လုပ်ရင် ဒီထက် ပိုမရဘူးလား"

"ယဉ်ဌေးရယ် ရတာပဲမြင်တယ်၊ အဲ့ဒီအလုပ်ရဖို့ အဲ့ဒီနေရာရောက်အောင် သွားတဲ့စရိတ်က ပန်းစည်းတစ်စည်းဘိုးလောက်များ မှတ်နေလား၊ နင်ပဲ သင်၊ နင်ပဲ သွား၊ နင်က နောက်ကပံ့ပိုးမယ့်သူ ရှိနေတာပဲ"

"ဟေ. . . ငါ့ကိုရော ဘယ်သူက ပံ့ပိုးမှာမို့လို့လဲ"

"သက်ထားဖေခင်လေ. . . အဟိဟိ"

"တော်. . . တော်. . ."

"ချစ်စရာကြီးပါဟယ်၊ အကိတ်လေးတဲ့. . . ခစ်ခစ်ခစ်"

"တော်. . . ဟိုမှာ နင့်ဆိုင် ပန်းလာဝယ်နေတယ်"

ဒီတော့မှ ထွေးခင် သူ့ဆိုင်ဘက် ချာခနဲလှည့်ကြည့်ပြီးရောက်

ကျောင်းနှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

"အန်တီ ဘာယူမလဲ၊ မေမြို့ စိန်ချယ်၊ ဂန္ဓမာ၊ သပြေ၊ ဒြံထွက်တွေ အန်တီရေ၊ ငွေပေါ် အရင်းပြုတ်ကလေး နုတ်ရောင်းနေတာ"

ယဉ်ဌေးကတော့ ပညာဒါန လက်ကမ်းတစ်စောင်လေးတစ်ခေါက် ပြန်ဖတ်ပြီး စိတ်ကူးယဉ်နေမိတယ်။

"မလေးနဲ့ ဂျပန်ကတော့ သိပ်မဟန်ဘူး၊ အင်း. . . ဒါဆို. . . "

●



အိမ်မှာ ဖေဖေတစ်ယောက်လုံး ငုတ်တုတ်ရှိနေတော့ ဒေါ်ကေသီ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲလို့က မရ။ သူက လုပ်ပုံကိုင်ပုံတွေကို ကြည့်ပြီး မခံမရပ်နိုင်ကလည်း ဖြစ်နေဆိုတော့ကာ ဆတ်ဆတ်တုန်ပြီး ရေငုံနှုတ်ပိတ်နေရတဲ့ ဒေါ်ကေသီရဲ့မျက်နှာကို ကြည့်ပြီး ရယ်ချင်နေမိတယ်၊ သူမလည်း ဝယ်လာတဲ့ပန်းတွေကို ဘုရားတင်တာတင်၊ ကျန်တာ နုတ်ပန်းအိုးလဲ၊ အိမ်အပေါ်ထပ် လေသာဆောင်မှာ ပန်းအိုးတစ်အိုးထား၊ အမွှေးတိုင်တွေထွန်း၊ အပေါ်ထပ်လှေခါးထိပ်မှာ နန္ဒင်လှူထားတဲ့ဆန်ကို ပန်းကန်ပြားနဲ့ထည့်၊ အပေါ်က ပန်းအိုးတင်၊ အောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးလှေခါးထစ်မှာလည်း အဲ့ဒီအတိုင်းထား၊ ဧည့်ခန်းထဲက ဆက်တီဝိုင်းစားပွဲမှာ ကျောက်စရစ်ခဲတွေ ဖန်ခွက်သုံးခွက်နဲ့ အပြည့်ထည့်ပြီး ကြိုက်ပုံထား၊ အလည်က ပန်းအိုး၊ ဧည့်ခန်းအဝင်ဝမှာဆို သာလို့တောင်ခမ်းနားသေး၊ စားပွဲသေးသေးလေးထုတ်ခင်း၊ အဲ့ဒီအပေါ်မှာ ဈေးထဲကဝယ်လာတဲ့ ကောက်ညှင်းပေါင်း အဖြူအမည်း (ငချိပ်ပေါင်း) နှစ်မျိုးကတစ်ပွဲ၊ မုန့်ဆီကြော်က တစ်ပွဲ၊ ဘယာကြော်က တစ်ပွဲ၊ ဆန်ပန်းကန်လုံးတစ်လုံး၊ ငှက်ပျောသီးပေါ်မှာ အမွှေးတိုင်တွေစိုက်ထွန်း၊ ဖယောင်းတိုင်တွေလည်းစီလို့၊ အားလုံးပြီးတော့ စားပွဲထောင့်မှာ နေရာလွတ်နေတာနဲ့ရေတစ်ဖလား ခပ်ပြီးတောင် တင်ထားလိုက်သေးတယ်။ ဒါ ဘာပွဲလဲလို့မေးရင် ဘာမှန်းမသိတဲ့ပွဲပါ။ သူမ စိတ်ကူးထည့်ရာလုပ်ထားတဲ့ ပွဲပါပဲ။ ဒါပေမယ့် ဖေဖေက မေးတယ်။

"ဘာတွေလုပ်နေတာတုန်း သမီးရ"

ရုတ်တရက်တော့ သူမ ပြန်မဖြေနိုင်ဘဲ ပြုံးပြပြီး အသားကုန်စဉ်းစားလိုက်ရတယ်။ ပြီးမှ . . .

"နတ်ကြီးလေးပါးပင့်တဲ့ပွဲလေ. . . ဖေဖေ"

"ဟေ. . ."

ဖေဖေ မျက်လုံးပြူးသွားပြီးမှ ထပ်မေးတယ်။

"ဘာနတ်တွေတုန်း သမီးရဲ့"





"ကျွန်းကြီးလေးကျွန်းစောင့်တဲ့နတ်တဲ့၊ သူက မကောင်းတဲ့ အစီအရင်တွေလုပ်တဲ့လူဆို တအားစိတ်ဆိုးတာ"

"ဘယ်သူက ပြောတုန်း"

"နတ်ဆရာပေါ့"

"ဟုတ်လား. . . နတ်မှာဆရာရှိလား"

"မသိဘူး"

"မသိဘဲနဲ့များ သမီးရာ"

"ဩော်. . . လူတောင် နိုင်ငံသားမတူရင် စကားပြန်နဲ့ ပြောဆိုဆက်ဆံရသေးတာပဲ၊ သူတို့လည်း နတ်ဆရာလို့သာ အလွယ်ခေါ်နေတာ၊ နတ်စကားပြန်တွေဖြစ်မှာပေါ့ ဖေဖေရဲ့၊ သမီး နတ်သွားမေးတော့ အတိုက်ရှိတယ်တဲ့၊ လူမှုရေး ကျန်းမာရေးကောင်းအောင် တန်ပြန်ရမယ်၊ နတ်ကြီးလေးပါးပင့်ရမယ်ဆိုလို့ သူစီရင်ပေးလိုက်တဲ့အတိုင်း လုပ်တာလေ၊ တကယ်လို့ သမီးကို ဒုက္ခပေးတဲ့သူရှိရင် နေမွန်းတည့်တာနဲ့ ကျွမ်းပစ်ပြီပဲ"

ဒေါ်ကေသီ ဆက်တီဝိုင်းကနေ ငြိမ်ပြီး နားထောင်နေရာက တောင့်ခနဲဖြစ်ပြီး ထရပ်တယ်။ ဒါကို ဖေဖေရော သူမပါ သတိထားမိပြီး လှမ်းကြည့်တော့ သူ့ဘာသာ ကိုယ်ရှိန်သပ်ပြီး စားပွဲအံဆွဲထဲ ဟိုရှာဒီရှာနဲ့ လုပ်ရင်း . . .


www.burmeseclassic.com

www.burmeseclassic.com



"ကိုရေ သို့ဖုန်းလိပ်စာ စာအုပ်လေး တွေ့မိသေးလား"

"ဟေ. . . ကိုက ဘယ်လိုလုပ်တွေ့မှာလဲ၊ သီ အထားမှားလို့လား"

"ဒုက္ခပါပဲ၊ သို့ကို ညီမလေး ဖုန်းပြန်ဆက်ခိုင်းထားတာ ဆယ်နာရီတောင်ထိုးတော့မယ်၊ မဖြစ်ဘူး လူကိုယ်တိုင်သွားမှပဲ၊ သီ ကားခဏသုံးမယ်နော်"

"သုံးလေ. . . ကို ဒီနေ့ နားနေတာပဲ"

ရယ်ချင်တယ်ဆိုတာ အဲ့ဒါပါ။ လူ့စိတ် လူ့သဘောဟာ အင်မတန် ခန့်မှန်းရခက်သလောက် တွန်းတောက်ကြည့်တော့လည်း ထိရှလွယ်နေပြန်ပါရော။

ဒေါ်ကေသီ ပျာယာခတ်ပြီးထွက်သွားတော့ ကားမောင်းထွက်ရင်း ဖေဖေ့အလစ်မှာ သူမကို မျက်စောင်းလေးတောင်ခဲသွားသေး။ ဖေဖေလည်း ဘာပြောလို့ ပြောရမှန်းမသိ။ မေးစရာလည်းမရှိတော့လို့ ဆက်တီဝိုင်းမှာ ပြန်ထိုင်ပြီး ဂျာနယ်တစ်စောင်နဲ့ ငြိမ်သွားတဲ့အတွက် သူမလည်း မီးဖိုခန်းဖက်ဝင်လာပြီး အောင့်ထားသမျှ အားရပါးရ ရယ်တော့တယ်လေ။

"အိခိခိ. . . ဟားဟား. . . အခစ်ခစ်. . . "

"ဟဲ့. . . ဝတီလေး. . . ဘာဖြစ်လာတာတုန်း. . . "





သူမ ဘာမှမပြောနိုင်သေးပဲ ခုံတစ်လုံးဆွဲထိုင်ပြီး စားပွဲပေါ်မျက်နှာမှောက်ပြီး ရယ်တယ်၊ ရယ်လို့အားရတော့မှ မျက်ရည်တွေဘာတွေသုတ်ပြီး . . .

"သမီး အစီရင် ဘယ်လောက်ကောင်းလဲဆိုတော့ လစ်ပြီလေအဟီးဟီးဟီး၊ သူ့ဓါတ်ဆရာ နတ်ဆရာတွေဆီသွားပြီ အန်တီမြရဲအခစ်ခစ်. . . "

"အင်း. . . သွားတာတော့ဟုတ်တယ်၊ သူက တကယ်တတ်တဲ့ဆရာတွေနဲ့လုပ်တာ သမီးရဲ့၊ သမီးက ရမ်းလုပ်တာ၊ တော်ကြာ ဒုက္ခတွေပေးနေမှဖြင့်. . . "

ဒီတော့မှ သူမ အရယ်ရပ်ပြီး . . .

"အန်တီမြရယ်၊ စုန်းကိုးနတ်ကိုးဆိုတာ ကိုးကွယ်ရာအစစ် မတွေ့လို့ မရှိလို့ ကိုးကွယ်ကြတာ၊ သမီးတို့မှာ ကိုးကွယ်ရာအစစ်၊ အားကိုးရာအစစ်ဖြစ်တဲ့ ဗုဒ္ဓသာသနာတော်ကြီး ရှိနေပြီလေ၊ ရိုးရာဆိုတာ ရိုးတဲ့လူရာတာ၊ အယူအစွဲဆိုတာလည်း အတူတူပဲ၊ ယူရင် ပေးရတယ်၊ မယူရင်ပေးစရာမလိုဘူး၊ ချိုကလီးယားစွမ်းအင်နဲ့ ပေါင်မုန့်ဖုတ်စားတဲ့ ခေတ်ကအယူအစွဲတွေ အားကိုးတုန်းဆိုတော့ မလွန်လွန်းဘူးလား"

အန်တီမြ သက်ပြင်းကြီးချပြီး ဟင်းအိုးဖွင့်ကြည့်ရင်း မီးလျှော့လိုက်တယ်။ ပြီးမှ ပြန်လှည့်ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ခက်တာပဲ၊ သမီးတို့က ခေတ်ပညာတတ်တွေဆိုတော့ အန်တီမြလည်း သဘောပေါက်အောင် ရှင်းမပြတတ်ဘူး၊ အန်တီသိတာတော့ တောင်ပြုံးပွဲကတော့ ခုချိန်ထိတော့ စည်ကားတုန်း"

သူမ ပုခုံးလေးတွန့် မျက်လုံးလေးမြှင့်ပြီး . . .

"ပင်လယ်ထဲမှာ ငါးရှိတယ်၊ ကုန်းပေါ်မှာတော့ လူတွေရှိတယ် အန်တီမြရဲ့ သေချာတာကတော့ ပင်လယ်ထဲကငါးတွေ ကုန်းပေါ်မှာ လမ်းမလျှောက်နိုင်ဘူး၊ ကုန်းပေါ်ကလူတွေကတော့ ပင်လယ်ထဲမှာ သင်္ဘောတွေနဲ့ ဖြတ်ကူးကြတယ်၊ ငါးလိုကူးရင် အအေးပတ်ပြီး သေမှာလေ၊ အဲ့ဒါရဲ့ အဓိကအခြေခံက အသိဉာဏ်ပဲ၊ သမီးတို့မှာ သတ္တဝါတွေ အားလုံးထက် အသုံးချမှုပိုတဲ့ အသိဉာဏ်ရှိတယ်၊ အဲ့ဒါကို ဖြစ်နိုင်စွမ်း သီအိုရီနဲ့ ချဉ်းကပ်နိုင်ဖို့လိုတယ်၊ ဒါနဲ့တောင် ကိုယ့်ကိုယ်ကို ငါးတစ်ကောင်လိုပဲမြင်ပြီး ရေထဲ လက်ပစ်ကူးချင်နေကြတယ်ဆိုရင်တော့ စိတ်မကောင်းစရာပေါ့၊ ကဲ. . . ကျက်ပြီလား"

"ဟင်. . . စားတော့မှာလား"

"အင်း. . . ဒီနေ့ သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်"

"ကဲ. . . ဒါဆိုလည်း စားတော်မူပါတော်၊ ကျက်ပါပြီ"

■



## အခန်း (၃)

သင်တန်းအချိန်ဇယားတွေဖတ်ကြည့်ပြီး ယဉ်ငွေး သဘောကျသွားတယ်။ သူတက်ချင်တဲ့ဘာသာရပ်အတွက် နေ့လည် (၂)နာရီနဲ့ (၄) နာရီဆိုတာနဲ့တင် တစ်ခြား ဘာမှကြည့်မနေတော့ဘဲ သင်တန်းသားအမည်စာရင်းလက်ခံတဲ့နေရာဆီ ထွက်လာခဲ့ပါတယ်။ သင်တန်းက တောင်ဒဂုံ ဘုန်းကြီးကျောင်းဝင်းထဲက ဓမ္မာရုံကြီးပေါ်မှာပါ။ စာရင်းပေးဖို့ ရောက်လာကြတဲ့ သင်တန်းသား သိပ်မများတဲ့အတွက် သက်တောင့်သက်သာပါပဲ။ ပညာဒါနပေမယ့် အတော့်ကို စနစ်ကျပါတယ်။ သင်တန်း တက်ရောက်ပုံစံပေါ်မှာ လိုင်စင်ဓါတ်ပုံတစ်ပုံ ကပ်၊ အမည်


www.burmeseclassic.com

www.burmeseclassic.com



နေရပ်လိပ်စာ၊ ပညာအရည်အချင်း၊ အဆင့်၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်၊ လက်ရှိ အလုပ်အကိုင် ဒါမှမဟုတ် ကျောင်းတက်နေရင်လည်း တက်ခဲ့သည့်ကျောင်းအမည်ဆိုပြီး ဖြည့်ရပါတယ်။

ယဉ်ဌေး Form ယူဖြည့်ပြီး လက်ခံတဲ့စားပွဲမှာ Form သွားတင်မှပဲ ယဉ်ဌေး ခြေလှမ်းတွေ တုန့်ပြီးတွန့်သွားတယ်။

သူပဲဟ. . . ငါ့နှယ်။

ယဉ်ဌေးရှေ့က Form တင်တဲ့ သင်တန်းသူတစ်ယောက် ထွက်သွားလို့ နောက်တစ်ယောက်ဆိုတဲ့ သဘောမျိုး မော့အကြည့် ယဉ်ဌေးနဲ့ အကြည့်ချင်းဆုံပြီး သူမလည်း ချက်ချင်း မှတ်မိသွားတယ်ထင်ပါတယ်။

"ရှင်လည်း တက်မလို့လား၊ ထိုင်လေ"

"ဗျာ. . . ဟုတ်"

ယဉ်ဌေး စိတ်လှုပ်ရှားစွာနဲ့ပဲ ဝင်ထိုင်ပြီး လက်ထဲက Form ကို ပေးလိုက်ပါတယ်။ သူမ ယူကြည့် စစ်ဆေးပြီး . . .

"ဓါတ်ပုံရော. . ."

"မပါဘူးခင်ဗျ၊ လိုမယ်မထင်လို့ပါ၊ နောက်နေ့မှ လာပေးရင် ရမလားမသိဘူး"

"အင်း. . . ရပါတယ်"

သူမ သေချာ ဂရုစိုက်ကြည့်ရင်းက . . .





"ဒီ. . . ဒီအလုပ်က ဘယ်ကုမ္ပဏီမှာလဲဟင်၊ ကျွန်မ မသိလို့ မေးကြည့်တာနော်"

"Florist ဆိုတာ ပန်းသည်လို့ အဓိပ္ပါယ်ရပါတယ်၊ မနက်ကပဲ ကျွန်တော့်ဆီက ဝယ်သွားတယ်လေ"

သူမ ပြုံးလျက်နှင့် . . .

"ဟုတ်ပါတယ်၊ တစ်ခြားကုမ္ပဏီမှာ အလုပ်လုပ်သေးလားလို့ မေးကြည့်တာပါ၊ ရှင်လည်း Psychology နဲ့ ကျောင်းပြီးထားတာပဲနော်၊ တစ်နှစ်တည်း တစ်ကျောင်းတည်းပြီးတာ၊ ကျွန်မတို့ ဘာလို့ မဆုံကြတာလဲ"

"ကျွန်တော်က Distance ပါ"

"ဩော်. . . အဲ့ဒါကြောင့်. . ."

အဲ့ဒီနောက် သူမ ပုံစံစာရွက်ကို သီးခြားဖိုင်တွဲပြီး နောက်ထပ် ပုံစံလာပေးမယ့် သင်တန်းသား ရှိမရှိ လှမ်းကြည့်ပြီး . . .

"ကဲ. . . ရပါပြီ၊ ရှင် ပန်းရောင်းရတာ သူဌေးဖြစ်ဖို့ နေ့ကွေးတော့ ကိုရီးယားထွက်ပြီး အလုပ်လုပ်တော့မယ်ဆိုပါတော့"

"အာ. . . ဒီလိုလည်းမဟုတ်ပါဘူး မဝတီ"

"အမယ်. . . ရှင်က ကျွန်မနာမည်တောင် သိလို့ပါလား"

"မနက်က ဟိုအန်တီခေါ်တာ ကြားမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

သူမ မျက်လုံးငြိမ်ငြိမ်ကြီးနဲ့ တစ်ချက်ကြည့်ပြီး . . .

"အင်း. . . ထားပါတော့ ဒီလိုမဟုတ်ဘူးဆိုတော့ ဘယ်လိုပါလိမ့်"

"ပန်းရောင်းရတာ အဆင်ပြေပါတယ်၊ မြတ်ရင်လည်း အရမ်းမြတ်တယ်၊ ရှုံးရင်လည်း အရင်းကိုပြုတ်ရော"

"ဟုတ်လို့လား"

"ပြန်စိုက်လို့လည်းမရ ချက်စားလို့လည်းမဖြစ်တော့ အမှိုက်ပုံဖြစ်ပြီး မရှုံးခံနိုင်မလား၊ ဒါပေမယ့် ကျွန်တော် သဘောကျတဲ့အချက် တစ်ချက် ရှိတယ်၊ ပန်းတစ်ပွင့်ရဲ့ နုနယ်သိမ်မွေ့မှုကိုတော့ ကျွန်တော် မပြောပြတော့ဘူး၊ အဲ့ဒီပန်းတစ်ပွင့် လူတွေရဲ့ Philosophy ကို သိနိုင်တယ်၊ အမှန်တရား ဖြစ်တည်မှုအခြေခံစိတ် ယုံကြည်မှု အဲ့ဒါတွေကို သုတရသအဖြစ်ပေးတယ်၊ မနက်က မဝတီရဲ့မျက်နှာပေါ်မှာ ကျွန်တော် မြင်ရတာ ပြောရမလား"

"ပြောကြည့်လေ"

"မဝတီပန်းဝယ်တာ ဘုရားတင်ဖို့ဆိုတဲ့ သဒ္ဓါစိတ်ထက် ပန်းတွေနဲ့ ကစားချင်တဲ့စိတ်က ပိုများနေတယ်၊ ဝယ်သွားတဲ့ပန်းတွေက ယတြာပန်းကလွဲရင် ကျန်တဲ့ပန်းတွေက ဈေးလည်းကြီးတယ်၊ အရမ်းလည်းလှတယ်၊ ဒါပေမယ့် အဲ့ဒီ အလှတရားက မဝတီရဲ့စိတ်ကို ဆွဲ





ဆောင်မှုမရှိသလိုပဲ၊ ဟုတ်ရဲ့လား"

သူမ မျက်လုံးလေးတွေဝိုင်းသွားအောင် အံ့အားသင့်သွားတယ်၊ ပြီးမှ မခံချင်တဲ့ပုံစံနဲ့ . . .

"ရှင်က Psychosis ပဲ"

"အား. . . မှားပြီထင်တယ်၊ ကျွန်တော့်မှာ အဲ့သလို ရောဂါရှိနေတယ်ထင်လို့လား၊ Psycho သမားအချင်းချင်း ညှာညှာတာတာလည်း လုပ်ပါဦးဗျာ"

"ကျွန်မတို့ ဆိုင်ထိုင်ကြမလား၊ ခဏလောက်ပေါ့"

ယဉ်ငွေး ချက်ချင်း ခေါင်းညိတ်ပစ်ပြီးမှ အားနာသွားတယ်၊ မိန်းမလှလေးတစ်ယောက်နဲ့ ရင်းနှီးခွင့် ကော်ဖီအတူသောက်ခွင့်ရတဲ့ အခွင့်အရေးမျိုး သူ့ဘဝမှာ အိပ်မက်တောင် မက်ဖူးတာမှ မဟုတ်ဘဲ၊ အဲ့ဒါကြောင့် အားနာပြီး အားမနာတော့ဘဲ ဝေါက်ခနဲကို ထရပ် လိုက်လာခဲ့တာပါ။

"မျိုးရေ တို့ ပြန်လို့ရပြီလား"

ဆရာတော် တစ်ပါးရှေ့မှာ စုပြီးထိုင်နေကြတဲ့ လေးငါးယောက်ထဲက တစ်ယောက်လှည့်ကြည့်ပြီး. . .

"အင်း. . . ရပြီလေ၊ လူလည်း ရှင်းသွားပြီပဲ၊ မနက်ဖြန်ရော လာခဲ့လေ"


www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

"ကျေးဇူးပဲနော်၊ ကူညီပေးလို့"

"အပိုတွေ"

"ဟော့. . . ဘယ်သူလဲ"

အဲ့ဒီအသံက မျိုးလို့ခေါ်တဲ့ ကောင်မလေးဘေးက ကောင်လေးပါ။ အားလုံးကတော့ ယဉ်ဒွေးတို့ ရွယ်တူတွေပါပဲ၊ ဒါပေမယ့် အမေး စကားနဲ့ အကြည့်မျက်လုံးက အဓိပ္ပါယ်တစ်ခုဆီကို ခေါ်သွားလို့ သူမ မျက်နှာလေးရဲပြီး လက်သီးထောင်ပြခဲ့တယ်။

ကျောင်းထဲကအထွက် မုခ်ဦးဝမှာ ယဉ်ဒွေး ဖိနပ်ချစီးတော့ သူမ တစ်ချက် ငုံ့ကြည့်ပြီး ယဉ်ဒွေးကိုလည်း သေချာလှည့်ကြည့်တယ်၊ အဲ့ဒီ နောက် ကော်ဖီဆိုင်ရှိရာ ကားမှတ်တိုင်ဘက် လျှောက်လာကြရင်း ယဉ်ဒွေးက မေးတယ်။

"မဝတီက ဘယ်ဘာသာသင်မှာလဲ"

"ကျွန်မ မသင်ပါဘူး၊ သူငယ်ချင်းတွေ ပညာဒါနလုပ်တယ်ဆိုလို့ လုပ်အားဒါနလေး ဝင်ဖြည့်ပေးတာပါ"

"သြော်. . ."

အဲ့ဒီနောက်တော့ ကော်ဖီဆိုင်တစ်ဆိုင် ဝင်ထိုင်တဲ့အထိ စကား မပြောဖြစ်ဘဲ လျှောက်လာခဲ့ကြတယ်၊ ရန်ကုန်ရဲ့ မိုးရာသီက ရန်ကုန်





စတိုင်လို အံ့ပြာပြီး အိုက်စပ်လို့၊ ရွာချင်ရွာပါတဲ့လား။ ဟင့်အင်း . . . မတူမတန်တာလား၊ ဟန်လုံးထုတ်နေတာလား၊ ဘာမှန်းမသိတဲ့ ငုံ့ကြည့် မှုမျိုးနဲ့ ရိပ်မိုး၊ ဒါပေမယ့် ယဉ်ဒွေးရဲ့ ရင်ထဲမှာတော့ ဂျိုးဂျိမ်းသံညံ နေတယ်၊ ခြောက်သွေ့နွေးမြတဲ့ လေပြည်နဲ့ ခိုးရှိုက်ရတဲ့ သူမရဲ့ ကိုယ် နံ့လေးကို ရင်ခုန်တယ်၊ မပေါ်ပေါ်အောင် ဖော်တဲ့ ခေတ်ကြီးထဲ အဝါ ရောင်အပွင့်လှလှ လုံချည်လေးကို ခြေမျက်စိဖုံးအောင်ဝတ်ပြီး ရိုးယဉ် ယဉ်ကြီး နေပြတာကိုလည်း ရင်ခုန်တယ်။ ပြီးတော့ နက်မှောင်ပျော့စင်း တဲ့ ဆံမျှင်ရှည်ကြီးတွေရဲ့ ကဗျာလွတ်အက စကားပြောရင် အပြုံးနဲ့ စတဲ့ဟန်မူလေး။ ပြီးတော့. . . ပြီးတော့ ဘာပဲဖြစ်ဖြစ် သူမနဲ့ပတ်သက် သမျှ အမှုန်အမွှား စမှုံစပါးကအစ ရင်ခုန်တယ်၊ ဒါကြောင့်လည်း ရင်ထဲ မှာ ဂျိုးဂျိမ်းသံတွေ ညံနေတယ်ဆိုတာ တစ်သိန်းကြေးလည်း လောင်း ရဲတယ် ကိုယ့်ဆရာ၊ ခုတော့ ကော်ဖီဆိုင်ထဲမှာ. . .။

"မဝတီ ဘယ်လိုကြိုက်တတ်သလဲ"

"ကျွန်မကို ဝတီလို့ပဲခေါ်ပါ၊ နာမည်အပြည့်အစုံက ယွန်းဝတီ"

"ဟုတ်ကဲ့ပါ. . . ကျွန်တော်က ယဉ်ဒွေးပါ"

"ကြားမနေပါနဲ့၊ ဒီလောက် ဒုံ. . . တဲ့ နာမည်ကြီးများ"

ယဉ်ဒွေး ရှက်ပေမယ့် ကျေနပ်ပြုံးတယ်၊ ပြီးမှ. . .

"ကျွန်တော်ကတော့ ခိုက်တယ်၊ ဒီနာမည်ကို မှည့်ပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘကြီးကိုလည်း ကျေးဇူးတင်တယ်၊ ကျွန်တော်ကြိုက်တဲ့ စရိုက်ကလည်း အင်း အနီးစပ်ဆုံးပြောရရင် ဟိုးတစ်လောက မြန်မာ့အသံဇာတ်လမ်းတွဲမှာကြည့်ရတဲ့ ကိုရီးယားဇာတ်ကောင် ဝူဒုံဘတ်ပဲ။

"ခို. . ."

သူမ အားပါးတရ ရယ်မလိုလုပ်ပြီးမှ ပါးစပ်ပိတ်ပြီး ကိုယ်ကလေး လှုပ်အောင် ရယ်နေတယ်လေ။ သူလည်း လိုက်ရယ်ရင်းက ဘေးမှာ မတ်တပ်ရပ်နေတဲ့ စားပွဲထိုးကိုမြင်ပြီး . . .

"ကော်ဖီနှစ်ခွက် လုပ်ပေးပါ၊ တစ်ခွက်က ကျကျ"

"ကျွန်မလည်း ကျကျပဲ"

သူမ အရေးတကြီးဝင်ဖြည့်ပြောပြီး ရယ်ပြန်တယ်။

ယဉ်ဌေးက ရေနွေးပန်းကန်လေးတွေ သန့်ရှင်းပေးပြီး ရေနွေးငှဲ့ပေးရင်းက . . .

"ဝတီလည်း ဝူဒုံဘတ်ကို သိနေတာလား"

"အခစ်ခစ်ခစ်. . . မပြောပါနဲ့တော့၊ ရှင် ဒီမှာ ရယ်ရင်း သေရလိမ့်မယ်၊ အဟင်းဟင်း"

"ကျွန်တော် ကြိုက်တယ်ဗျ"

"ရှင် စိတ်မဆိုးတတ်ရင် ပြောရမလား"

"အင်း. . . ပြောလေ"





"အခိခိခိ. . . ကျွန်မ ရှင့်ကို ဈေးထဲမှာမြင်ကတည်းက ဘယ်သူနဲ့တူပါလိမ့်ဆိုပြီး စဉ်းစားနေတာ၊ အခု အဟီဟီဟိ ရှင် ပြောမှပဲ ရှင်က ဗူဒုံဘတ်မှ ဝူဒုံဘတ်ပဲ၊ အဟတ်ဟတ်ဟတ် ခစ်ခစ်ခစ်"

"ဟုတ်လား. . . ကျွန်တော်က ဝူဒုံဘတ်နဲ့တူလား"

"လုံးဝ. . . ချွတ်စွတ်ပဲ"

"ဘုရားရေ ဝမ်းသာစရာပဲဗျာ"

"ဘာရယ်. . . ရှင်က အဲ့ဒါကြီးနဲ့တူတာကို ဝမ်းသာတယ်၊ ဟုတ်လား. . ."

"ကျွန်တော် ကြိုက်တယ်လေ"

"အံ့သြပါ့ရှင်၊ အဲ့ဒါကြောင့် ရှင့်ကို ဆိုင်ကိုးဆစ်(၆)လို့ ပြောတာ"

"ဒါတော့ မသိဘူး ဝတီ၊ သူ့ကာရိုက်တာကိုက ချစ်စရာ ကောင်းနေတာ၊ သူ့ဇာတ်ကားကိုကြည့်ပြီး ကျွန်တော်တောင် စာတိုက်မှာ အလုပ်သွားလျှောက်ရင် ကောင်းမလားလို့ စဉ်းစားမိတယ်"

"အဟတ် ဟားဟား ခစ်ခစ်ခစ် ကဲ. . . အဲ့သလိုပဲ ရယ်လိုက်တော့မယ်၊ တော်ပါတော့"

စားပွဲထိုး ကော်ဖီလာချပေးလို့ ယဉ်ဌေးက သူမအတွက် ပန်းကန်ကို ရွှေ့ပေးတယ်၊ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဝတီ"

"ရှင်. . ."

"ကျွန်တော်တို့ သူငယ်ချင်း လုပ်ကြရအောင်"

"အင်း. . . မဆိုးပါဘူး၊ ရှင်က ဝှဒ့်ဘတ်ဆိုတော့ ရယ်ရမယ် ထင်တာပဲ"

"တကယ့် ဝှဒ့်ဘတ်ကတော့ မင်းသမီးစိတ်ညစ်တယ်"

"ရှင်က ရုပ်ပဲတူတာနေမှာပါ"

"ဟုတ်တယ်. . . ကျွန်တော် အဲ့သလောက် မအဘူးထင်တာပဲ"

အဲ့ဒီနောက်တော့ စကားသံတွေတိတ်ပြီး ကော်ဖီကို အရသာခံသောက်ကြတယ်၊ ခဏကြာမှ သူမက . . .

"ရှင်. . . ပေဒင်တို့ နတ်တို့ အယုံအကြည်ရှိလားဟင်"

ယဉ်ဌေး မျက်မှောင်လေးကျုံ့သွင်းရင်း အသံလေးလေးနဲ့ မေးတယ်။

"စိတ်ဝင်စားတယ်၊ ယုံကြည်မှုဆိုတာကတော့ ပတ်သက်မှုနဲ့လည်း ဆိုင်တယ်လေ၊ ကျွန်တော်က ပေဒင်မမေးဘူး၊ နတ် မကိုးကွယ်ဘူး ဆိုတော့ မပတ်သက်မိဘူးပေါ့၊ ဒါပေမယ့် စိတ်ဝင်စားတယ်၊ Culture ကြောင့်ပါ၊ ကမ္ဘာကြီးရဲ့ အရှေ့ဖက်ခြမ်းမှာနေပြီး ပေဒင်တွေ နတ်တွေ





မသိရင် ကိုယ်နင်းထားတဲ့ မြေကြီးပေါ် ကိုယ်မရှိသလိုဖြစ်မှာ စိုးလို့ပါ"

သူမ ပထမတော့ နှုတ်ခမ်းလေးတွန့်ကွေးပစ်တယ်။ ဒုတိယ ပြုံးလိုက်ပြီးမှ ပြန်ပြောတယ်။

"မဆိုးပါဘူး၊ ရှင်ပြောတာ သဘာဝကျပါတယ်၊ ကျွန်မကတော့ မယုံကြည်ဘူး။ စိတ်မဝင်စားဘူး၊ ဒါပေမယ့် လာပြီး ပတ်သက်နေတော့ စိတ်ရှုပ်တယ်"

"ဟောဗျာ. . . ဘယ်လိုကြီးလဲ"

"ရှင်. . . အချိန်ရရဲ့လား"

"အာ. . . ရပါတယ်၊ ကျွန်တော် (၆)နာရီကျော်မှ ပန်းကြိုရမှာ၊ ခုမှ (၂)နာရီတောင် မထိုးသေးဘူး"

"ဒါဆို နားထောင်ပေးလေ၊ တစ်ခြားမဟုတ်ပါဘူး၊ ကျွန်မ အကြောင်းပါ"

"အိုခေ. . . အရမ်းစိတ်ဝင်စားတယ်"

သူမ အကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီးမှ ပြောတယ်။

"အခု ကျွန်မ မိထွေးရဲ့ စိတ်အနှောင့်အယှက်ပေးမှုကို ခံနေရတယ်၊ သူ့ ကျွန်မဖေဖေကို လက်ထပ်တာ ရည်ရွယ်ချက်တစ်ခုပဲရှိတယ်၊ ဖေဖေ ကုမ္ပဏီလုပ်ငန်းရဲ့ ပိုင်ဆိုင်မှုအားလုံးကို သူရချင်တယ်၊ ဖေဖေ ကလည်း တစ်ဦးတည်းသောသမီးဖြစ်တဲ့ ကျွန်မအတွက် ဖြစ်စေ


www.burmeseclassic.com

www.burmeseclassic.com

ချင်တယ်၊ အဲ့ဒီတော့ မိထွေးဖြစ်တဲ့ ဒေါ်ကေသီက သူယုံကြည်တဲ့ နတ်ဆရာ ဗေဒင်ဆရာတွေနဲ့ ကျွန်မကို ဖယ်ထုတ်ဖို့ ကြိုးစားနေတယ်၊ အဲ့ဒါ ပတ်သက်မှုပဲ၊ တကယ်လို့ ကျွန်မနေရာမှာ ရှင်သာဆို အဲ့ဒီ ပတ်သက်မှုကို ဘယ်လိုဖြေရှင်းမလဲ"

သူမက စကားကို မေးခွန်းပုံစံနဲ့ အဆုံးသတ်လိုက်လို့ ယဉ်ဌေး မျက်ခုံးထူထူကြီးတွေ မြှင့်တင်ပြီး သက်ပြင်းချတယ်။

"အဲ့ဒါကြောင့် မနက်က ပန်းတွေအများကြီးဝယ်ပြီး အဲ့ဒီ အန်တီကြီးကို သွားနောက်ပြောင်တယ်ဆိုပါတော့"

"အမှန်ပါပဲ၊ ရှင် ခန့်မှန်းတာ အရမ်းတော်ပါတယ်၊ အဲ့ဒါကြောင့် ရှင့်ကို မိတ်ဆွေဖွဲ့ပြီး ကျွန်မ အခက်အခဲကို ဝိုင်းစဉ်းစားပေးစေချင်တာလည်း ပါတယ်"

"မဆိုးပါဘူး၊ ဝူဒူဘတ်ပေမယ့်လည်း အသုံးတော့တည့်သား"

သူ့စကားကြောင့် သူမ အားနာသွားပြီး. . .

"အို. . . ဟိုလေ အသုံးချတာမဟုတ်ဘူးနော်၊ ခင်မင်မှုနဲ့ အကူအညီတောင်းတာပါ၊ ဒီပြဿနာကို ကျွန်မတစ်ယောက်တည်း ဖြေရှင်းရင် ပြီးနိုင် မပြီးနိုင်ဆိုတာ ကိုယ့်ကိုယ်ကို သိပ်ယုံကြည်မှုမရှိလို့ပါ၊ ရှင် တစ်မျိုးမထင်ပါနဲ့"

"ရပါတယ် ဝတီရာ၊ အသုံးပဲချချ အကူအညီပဲ တောင်းတောင်း





ပါ။ ကျွန်တော်တို့ ခုလို ခင်မင်ခွင့်ရတာကိုပဲ အတော်ဟုတ်နေပြီ၊ အိုခေလေ ကျွန်တော် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဝိုင်းပြီး အားဖြည့်ပေးပါ့မယ်၊ ဒါပေမယ့် အဲဒီ ဒေါ်ကေသီဆိုတာ ဘယ်လို စိတ် ဘယ်လိုပုံစံဆိုတာ ကျွန်တော် အကဲခတ်ချင်တယ်"

သူမ မျက်မှောက်လေးကျုံ့ပြီး စဉ်းစားတယ်၊ ခဏကြာမှ. . .

"ဒီလိုလုပ်၊ ရှင် မနက်ဖြန် ဒီလိုအချိန်လောက် အိမ်ကိုလာခဲ့ပါလား"

"ဟင်. . . "

သူ့ရင်ထဲ ဒုတ်ခနဲ မြည်ဆောင့်သွားတဲ့အသံနဲ့ ဝေါခနဲ ရှာချလိုက်တဲ့မိုးသံက ရှေ့ဆင့်နောက်ဆင့်ဆိုသလို နီးကပ်ပြီး ဖြစ်ပျက်သွားတော့ သူ့ရင်ဘတ်ထဲက အသံကြောင့်ပဲ မိုးက လန့်ပြီး ရွာချလိုက်သလားပေါ့။

ကိုယ့်ဆရာ ယုံချင်မှယုံ၊ ဒါဟာ ယဉ်ဌေးစိတ်ထဲ တကယ်ဖြစ်သွားတဲ့အတွေးပါပဲ၊ မင်း အရူးပဲလို့ပြောရင် ယဉ်ဌေး ပြုံးပြီး ခေါင်းညိတ်လက်ခံမယ်ဆိုတာ သေချာပါတယ်၊ လူတွေဟာ အချစ်ဆိုတာကို ခံစားမိလာရင် ဒါမှမဟုတ် ခံစားတတ်လာရင် ရေရာသည်ဖြစ်စေ မရေရာသည်ဖြစ်စေ ပုံမှန်စိတ်ကနေ ခွာထွက်လာတာဟာ သဘာဝကျပါတယ်၊ ပုံမှန်စိတ်ဖြစ်စဉ်မှာ အချစ်မရှိပါဘူး၊ ရူးသွပ်သွားသူတွေမှာလည်း ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုတာ မရှိပါဘူး။

အဲ့ဒါကြောင့်ပဲ ဂုဏ်ရည်တူခြင်းထပ်တူပြုတဲ့ ရူပကအလင်္ကာ မြောက်အောင် ပြောရရင် ချစ်တတ်လာတာဟာ ရှူးတတ်လာတာပါ။ အိမ်ကိုလာခဲ့ပါလားလို့ သူမရဲ့ ဖိတ်ခေါ်သံကိုကြားပြီး နှစ်မိနစ်လောက် စကားမပြောနိုင်ဘဲ ပြုံးပြုံးကြီးဖြစ်သွားတဲ့ ယဉ်ငွေးကိုကြည့်ပြီး သူမ လည်း လန့်ဖျပ်သွားမယ်ထင်ပါတယ်။

■



## အခန်း (၄)

“ကုန်သွားမှ မရှိတော့ဘူးလား မမေးနဲ့နော်၊ ရှိတုန်းဝယ်ထား၊ ဒါကုန်ရင် ဖျာပုံတကယ်ပြန်မှာဗျာ၊ မယုံမရှိနဲ့”

“ဟဲ့. . . ကောင်လေး၊ ပန်းတွေဘယ်လိုရောင်းလဲ”

“ပေးတဲ့ဈေးနဲ့ကို ရောင်းပေးမှာ၊ ရွေးလိုက် အန်တီ”

ဒီမနက်တော့ ယဉ်ငွေး တကယ်ကို သွက်ပြီး တွန်းတွန်းတိုက် တိုက်ကို ရောင်းထုတ်နေတော့လို့ သူ့ရှေ့က ဒေါ်တိုးတောင် မျက်စောင်း ထိုးချင်လာတယ်၊ အဲ့ဒါကြောင့် ဝယ်သူနည်းနည်းကျဲသွားတော့ ဒေါ်တိုး က လှမ်းအော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့အကောင် နင် ဒီလောက်လောဘဇောတိုက်ပြီး တွန်းရောင်းနေရအောင် အိမ်မှာ ငိုစားမယ့်သူ ဘယ်နှစ်ယောက်မို့လို့လဲဟဲ့၊ ဒီမှာ မုဆိုးမကိုလည်း အားနာပါဦး"

"အဟတ်ဟတ် . . . အားနာနာနဲ့ပဲ ရောင်းနေရတာပါ ဒေါ်တိုးရာ၊ ဒီမနက်က ဖောက်သည်ပျက်မှာစိုးလို့သာ ဆင်းရောင်းနေတာ၊ ဘယ်မှာ ပန်းပါလို့လဲ၊ အားလုံးမှ တစ်သောင်းဘိုးတောင်မပြည့်ဘူး၊ စောစော သိမ်းချင်လို့ပါဗျ"

အဲ့ဒီအချိန်မှာပဲ ထွေးခင် ရောက်လာတယ်။

"ဟဲ့ . . . အေး . . . အတော်ပဲ . . . နင် စောစောသိမ်းရင် ငါ့ကို အလုပ် လျှောက်ဖို့ကိစ္စ လိုက်ကူညီပေးစမ်းပါ"

"ဟာ . . . ငါ ဒီနေ့မအားဘူးဟ"

"အောင်မာ . . . နင်က မအားဘူးပြောရအောင် ဘယ် အလေ လိုက်မလို့လဲ၊ မရဘူး၊ ငါ အခု နင့်ကိုလာခေါ်တာ"

"ဟာ . . . ငါ တကယ်ပြောနေတာ၊ ဒါလေးကုန်ရင် . . ."

ယဉ်ဌေး စကား မဆုံးခင်မှာပဲ ထွေးခင်က သူ့ပန်းလက်ကျန်တွေ အားလုံး မ,ယူပြီး သူမမိခင် ဈေးခုံပေါ်မှာ သွားတင်တယ်။

"အမေ အဲ့ဒါလေးထည့်ရောင်းထားပေး၊ သမီး သူ့ကို ခေါ်သွားမလို့"





"ဟဲ့ . . . သူ့ဟာက ဘယ်လောက်ဖိုးတုန်း"

"မသိဘူး . . . အမေ့ဘာသာကြည့်ရောင်းပေးလိုက်"

အဲ့ဒီနောက်တော့ ခေါင်းကုတ်လိုက်၊ လည်ပင်းကုတ်လိုက်နဲ့ ရှုံ့မဲ့ပြီး ရပ်နေတဲ့ ယဉ်ဌေးကို ဆွဲခေါ်သွားပါတော့တယ်။

"ငါ ဆိုင်ခုံတွေလည်း မသိမ်းရသေးဘူးဟ"

"ငါ့အမေကြည့်လုပ်ထားလိမ့်မယ်၊ အပိုတွေပြောမနေနဲ့၊ အနီးကပ် တက်နေရတဲ့ရက်တွေတုန်းက အမေပဲ လုပ်ပေးနေတာ၊ အခုမှ လာပြီးတော့ . . ."

ယဉ်ဌေး ဘယ်လိုပြောပြော ဘာမှ ပိုထူးလာမှာမဟုတ်လို့ သက်ပြင်းမောတွေပဲ တစ်ဟူးဟူးမှုတ်ပြီး လိုက်လာခဲ့ရတယ်၊ ဒီနေ့ နေ့ခင်း ယွန်းဝတီရဲ့အိမ်ကို သွားဖို့ကိစ္စကြီးက ရှိတယ်လေဗျာ၊ အဲ့ဒါကြောင့် ဈေးကို စောစောသိမ်း၊ (၇)လမ်းထိပ်က အောင်ကျော်ပိုင် ဆံသကို သွား ဆံပင်ညှပ်၊ ခေါင်းလျှော်၊ မျက်နှာချေးချွတ်၊ ဘာညာ လေးလုပ်၊ ပြီးမှ အိမ်ပြန် ရေချိုး ရုပ်ပါဖွင့်ပြီး ယွန်းဝတီရှိရာ ကြွကြွရွရွလေး ရောက်သွားဖို့ စီစဉ်ထားတာပါ။ ခုတော့ ထွေးခင်ကြောင့် ဘေးစင်ထွက်လာတဲ့ သူ့ကိုယ်သူ အတော့်ကို မချင့်မရဲနဲ့၊ ဩော် . . . ငါ့နှယ် ဆိုးလိုက်တဲ့ကံပေါ့။

ခက်နေတာက ထွေးခင်တို့သားအမိကိုလည်း အရမ်းအားနာရ



www.burmeseclassic.com

www.burmeseclassic.com

ကလန်ကလော့လို့လည်း မဖြစ်ပြန်ဘူး၊ သူ ဒီလို ပန်းရောင်းအလုပ်ကလေး အေးအေးလူလူ လုပ်နိုင်အောင် ကူညီထားတဲ့ကျေးဇူးက မေ့စရာမှမဟုတ်တာ၊ ယဉ်ဌေး ပန်းမရောင်းခင်က အတော် ပျာခဲ့တာကလား။ တစ်ယောက်တည်းနေပြီး ဟိုဖက် နည်းနည်းတိုးပါဦးလို့ ပြောရမလိုဖြစ်နေပြီ။ ဘဝကို စပါပြီဆိုကတည်း အဒေါ်အပျိုကြီးရဲ့ စက်ချုပ်တဲ့ လုပ်အားခကလေးနဲ့ တူဝရီးနှစ်ယောက် ရပ်တည်ခဲ့ရတာ။ မိဘတွေနဲ့ပတ်သက်လို့ ယဉ်ဌေးသိတာ နာမည်ပဲရှိတယ်။ ကျန်တာဘာမှကိုမသိဘူး၊ အဒေါ်ကလည်း ဘာမှမပြောဘူး၊ သူ ဆယ်တန်းနှစ်ရောက်တော့ အဒေါ်က လေဖျန်းပြီး စက်မချုပ်နိုင်တော့ဘူး၊ အဲ့ဒီမှာ ယဉ်ဌေးဘဝ လူ့လောကထဲ ခြေစုံကျတော့တာလေ၊ အဒေါ်ကို ဆေးကုဖို့ သူ စာဆက်သင်နိုင်ဖို့၊ စားဖို့ဝတ်ဖို့၊ နေဖို့ကတော့ အဒေါ့်အိမ်ကလေးက အိမ်ပိုင်မို့လို့ ထား၊ ကျန်တာအားလုံး ရုတ်တရက်ကြီး သူ့တာဝန်ဖြစ်လာတော့ကာ ပျာတာပေါ့၊ ကိုယ့်ဆရာရယ် မပြည့်မစုံနဲ့ အသက်ရှင်ရပ်တည်ဖို့ဆိုတာ လွယ်လို့လား၊ အဒေါ်လုပ်နိုင်တုန်းကတော့ ယဉ်ဌေးအတွက် မရှိဘူးဆိုရင်တောင် အေးဆေးပဲ၊ စားမယ်၊ အိပ်မယ်၊ ကျောင်းတက်မယ်၊ အိမ်မှာ ရေခပ်တာ ထင်းခွဲတာလောက်ပဲ အလုပ်လို့မည်တာလေဗျာ။ အဒေါ် လဲပြီလည်းဆိုရော ခြေမကိုင်မိ လက်မကိုင်မိနဲ့ ငုတ်တုတ်ငတ်ရမယ့်ပုံဆိုတော့ကာ လုပ်ရတာပေါ့၊ အစီစိတွင်း





လိုက်တူးတယ်။ ပန်းရုံလူကြမ်း လိုက်ဆင်းတယ်။ အုတ်သဲကျောက်ဒိုင်မှာ ယာဉ်နောက်လိုက်လုပ်တယ်။ ဂျာလီကြီး မနင်းတတ်နင်းတတ်နဲ့ ရေသန့်ဘူးလိုက်ပို့တယ်။

အဲ့သလိုနဲ့ အဝေးသင်ပထမနှစ်တက်ပြီး အနီးကပ်ရက်မှာ ထွေးခင်နဲ့ ရင်းနှီးမှုပဲ တစ်ယောက်အကြောင်းတစ်ယောက်သိပြီး ထွေးခင်က နင် ငါ့အမေအလုပ်ကို လေ့လာကြည့်ပါလား၊ ငါတို့ မောင်နှမတွေအားလုံးကို အမေ အဲ့ဒီ ပန်းရောင်းတဲ့အလုပ်တစ်ခုတည်းနဲ့ ထိန်းထားတာဆိုတာကနေစပြီး ထွေးခင်ကျေးဇူးနဲ့ ဒေါ်တိုးနဲ့ ရင်းနှီး၊ ပန်းရောင်းတဲ့ အလုပ်ကိုသင်၊ ဒေါ်တိုး လမ်းကြောင်းချပေးလို့ ယဉ်ဌေး ပန်းသည်ဖြစ်ပြီး အနေချောင်၊ အစားချောင်လာတာလေဗျာ။ ပန်းရုံလူကြမ်းဘဝနဲ့ တစ်နေကုန် ကိုယ့်ထမင်းကိုယ်စား နဖူးကချွေး နို့ဆီခွက်တစ်ခွက်ပြည့်အောင်လုပ်မှ သုံးထောင်လောက်ရတာ၊ ပန်းသည်ဖြစ်မှ ငါးထောင်လောက်ကို တစ်မနက်ခင်းနဲ့ ပါးပါးပုတ်ပြီး ရှာ အသာအယာပဲ။

အဲဒီကျေးဇူးတရားနဲ့တင် ထွေးခင်ကို သူ ရေနင်သလိုနင်ပြီး ထွေးခင် အလိုတော်ကျ ဝင်ဝင်ကပေးနေရတာမဟုတ်လား။

"ဩော်. . ."

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဈေးလမ်းကြားအထွက် သစ်သီးတန်းကိုလွန်မှ လမ်းကြားထိပ်မှာ ဆိုက္ကားရပ်ပြီး ဆင်းလာတဲ့ ယွန်းဝတီနဲ့ ယဉ်ဒွေးတို့ မျက်နှာချင်းဆိုင်တွေ့ကြတယ်။ ဘေးမှာလည်း ထွေးခင်ပါနေလို့ ယဉ်ဒွေး အတော့်ကို ထူထူပူပူဖြစ်ပြီး ဘယ်ကစပြီး ဘာပြောရမှန်းမသိတဲ့အချိန်မှာ သူမကပဲ စပြောပါတယ်။

"ကျွန်မ ရှင့်ဆီလာတာ၊ တော်သေးတာပေါ့ လွဲတော့မလို့"

"ဟုတ်. . . ကျွန်တော်လည်း ဒီနေ့လာမှာလေ"

"ဟုတ်တယ်၊ အဲ့ဒါ အချိန်မီလာပြောတာ၊ ဒီနေ့ အိမ်မှာ သူမရှိဘူး၊ သန်ဘက်ခါနေ့ နေ့လည် သူရှိမယ်၊ ဆရာတွေပင့်ပြီး ပွဲတွေလည်း လုပ်ကြမယ်၊ အဲဒီနေ့မှ ကျွန်မတို့ စီစဉ်ကြရင် ကောင်းမလားလို့"

"ဩော်. . . အင်း. . . ကောင်းပါတယ်"

"ဒါဆို. . . သန်ဘက်ခါပေါ့"

"ဟုတ်. . . စိတ်ချဝတီ၊ ကျွန်တော် ရောက်အောင်လာမှာ"

"အခုရော ပြန်ပြီလား"

"အင်း. . . ဆိုပါတော့၊ ဒီမှာလေ၊ အလုပ်လျှောက်ဖို့ကိစ္စ လာခေါ်လို့ အဲ့ဒါ လိုက်သွားမလို့"





ထွေးခင်ဘက် မေးထိုးပြရင်း ပြောလို့ ထွေးခင် မျက်နှာကို သူသတိထားမိပြီး ယွန်းဝတီကို အားနာသွားတယ်၊ ကိုယ့်ဆရာသိတဲ့အတိုင်း ရပ်စောင့်နေရတာကို သိပ်ဘဝင်မကျချင်တဲ့ပုံမျိုး ပေါ်တင်ကြီးချိုးထားတာဆိုတော့ မသိရင်ဘဲ ဘာလိုလိုဖြစ်မသွားဘူးလား။

ဒါပေမယ့် ယွန်းဝတီကတော့ အပြုံးမပျက်ပါဘူး။ အဲ့ဒီ အပြုံးမပျက်ရှိနေတာကိုက သူ့အတွက် အခွင့်အလမ်းကောင်း မဟုတ်ဘူးဆိုတာ ယဉ်ဒွေး နားလည်နေတော့ကာ ယွန်းဝတီ ဆိုက္ကားနဲ့ပဲ ပြန်သွားတော့မှ . . .

"နင်ဟာ. . . မျက်နှာကို ဘယ်လိုလုပ်ထားမှန်းကို မသိဘူး"

"ငါ့ဘာသာ ဘယ်လိုလုပ်လုပ် နင့်အပူဘာပါလဲ၊ ဟင်း. . . တော်ပြီ မသွားတော့ဘူး"

"ဟာ. . . ဒါက ဘယ်လိုဖြစ်ရတာလဲ"

"လာမမေးနဲ့"

"အဲ. . . "

ပထမတော့ ယဉ်ဒွေး လိုက်မေးလိုက်ချော့ဖို့ပါပဲ၊ ဒုတိယ စဉ်းစားမိတဲ့အချက်က ဒီအတိုင်း စိတ်ဆိုးပြီး သူ့ဘာသာ ခပ်ခွာခွာလေး ဖြစ်သွားတော့ ပိုကောင်းမယ်လေ၊ အဲ့ဒါကြောင့် မသိလိုက် မသိဘာသာ



www.burmeseclassic.com

www.burmeseclassic.com



လေး နောက်ပြန်လှည့်ပြီး အောင်ကျော်ပိုင် ဆံသဆိုင်ဘက် လျှောက်လာခဲ့လိုက်တယ်။ ဒီနေ့ အစီစဉ်မဖြစ်လည်း လုပ်စရာလေးကြိုလုပ်ထားတော့ တစ်ပူအေးတယ်လေ။

"သား ဒီနေ့ စောသလားလို့"

ကျွတ်ကျွတ်အိတ်ထုပ်ဆွဲပြီး အိမ်ပေါ်တက်လာတဲ့ ယဉ်ဒွေးကို ခေါ်ခင်မေ ပက်လက်ခုံပေါ်ကနေ လှမ်းပြီး အသံပြုတယ်။

"ဟုတ်. . . ဒီနေ့ ပန်းလည်းနည်းတယ် ဒေါ်လေးမေ၊ ဆာပြီလား၊ စားတော့မလား"

"မဆာသေးပါဘူး သားရယ်၊ မင်းလည်း နားပါဦး"

"ဒါဆို သား ဆေးပြင်လိုက်ဦးမယ်"

ပြောပြီး အဒေါ်ဖြစ်သူရဲ့ခြေရင်းမှာ အိတ်ထုပ်ကိုချပြီး မီးဖိုခန်းထဲ ဓါးနဲ့စင်းတုံး ဝင်ယူ၊ အခန်းထဲက ဆေးစိမ်ထားတဲ့ ဖန်ပုလင်းကြီး ပွေ့ယူလာပြီး ချထားတဲ့အထုပ်ဘေးမှာ ဝင်ထိုင်လိုက်တယ်။ အဲဒီနောက်တော့ ခြေရင်းက အဝကျယ်ပုလင်းလေးလှမ်းယူ၊ ပုလင်းကြီးထဲက ဆေးရည်ကို ရသလောက်လေး ငှဲ့ထုတ်ပြီးထည့်။ ပြီးမှ အိတ်ထဲက ရှောက်သီးပုပ်သုံးလုံးကို နှိုက်ယူပြီး ဓါးနဲ့ အစိပ်စိပ်အမွှာမွှာ လှီးခွဲပြီး ပုလင်းကြီးထဲထည့်၊ အရက်အဆီတစ်လုံးအထုပ်ကိုဖောက်ထည့် ဈေး





အပေါ်ထပ် ဒေါ်စိန်မြဆိုင်ကဝယ်လာတဲ့ ဆေးပရုပ်ရယ်၊ ဖိုးမသိန်ရယ်၊ မင်သော်ရယ် ထည့်ပြီး ပုလင်းကြီးအဖုံးကို လုံအောင်ပိတ်၊ နေရောင်ထဲ သွားချထားလိုက်တယ်။

ဒါကို ဒေါ်ခင်မေ အစအဆုံး ထိုင်ကြည့်ပြီး စိတ်ထဲမှာ ပီတိလည်းဖြစ် စိတ်မကောင်းလည်းဖြစ်မိတယ်။ တစ်သက်လုံး ပိုးမွေးသလို မွေးလာရတဲ့ လူဘော်ကျောကလေး ဒီလိုလည်း အားကိုးရသားဆိုတဲ့ အတွေးက မျက်ရည်တောင်လည်တယ်။

ဒီဆေးနည်းကို သူ ဘယ်ကနေ ရှာရှာဖွေဖွေရလာတယ်မသိဘူး အရက်အဆီ၊ ရှောက်သီးပုပ်၊ ပရုပ်လေးမျိုးနဲ့ ဆေးမြစ်အစုံကို ပုလင်းထဲ ထည့်စိမ်ပြီး ရက်နှစ်ဆယ်လောက် နေလေးပြပြထားပြီးမှ ယူလိမ်းပေးတာ၊ ဟုတ်တော့ဟုတ်သား။ အနံ့လေးကလည်းကောင်း၊ ဆေးအာနိသင်က သိပ်အပူကြီးလည်းမဟုတ်ဘဲ အတော်သိသိသာသာ ကောင်းလာတယ်လို့ပြောရမယ်။ ညအိပ်ယာဝင်တိုင်း ပျားရည်တစ်ဇွန်း တိုက်တယ် ရှောက်သီးဆေးကတော့ တစ်နေ့လေးကြိမ်လောက် လူးပေးလိမ်းပေး တယ်။ ပျားရည်က အာရုံကြောကို နှိုးတဲ့နေရာမှာနံပါတ်တစ်တဲ့ ဒီကောင်လေး ဒါတွေ ဘယ်ကဘယ်လို တတ်လာမှန်းကို မသိတာ အင်းလေ ဈေးရောင်းနေတော့လည်း လူစုံပေါင်းစုံ အကြောင်းစုံ သိတာ နေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒေါ်လေး ဆေးလူးလိုက်ရအောင်၊ လေ့ကျင့်ခန်းရော လုပ်ရဲ့လား"

"လုပ်တာပေါ့သားရယ်၊ ဒေါ်လေးမေလည်း ငါ့သားလေး ပင်ပန်းနေတာကို မကြည့်ရက်လို့ မြန်မြန်ပျောက်ချင်လှပါပြီ"

ယဉ်ငွေးက သူ့အဒေါ် ပက်လက်ထိုင်ခုံပေါ်ကနေ ကြမ်းပေါ်ဆင်းထိုင်တာကို ကြည့်ပြီး . . .

"အတော်လေးကောင်းလာပြီပဲ"

"အေးလေ. . . ငါ့သားဆေးဆရာကြီး ကုနေတာပဲဟာ"

"ဟားဟားဟား ဒေါ်လေးမေရာ၊ အဲ့ဒါ သားဖောက်သည်တစ်ယောက်က ပေးသွားတဲ့နည်းပါ၊ သားက ဘယ်လိုလုပ်သိမှာလဲ"

"သားက . . . မေးလို့လား"

"အင်းပေါ့. . . ကျွန်တော့်အဒေါ်ဗျာ၊ ဒီလို ဘာညာဆိုပြီး တော်ကီပွားရတာပေါ့၊ လေဖြတ်တဲ့ဝေဒနာက ဝဋ်နာကံနာပဲတဲ့၊ တစ်ချို့လည်း ပြန်ကောင်းတယ်၊ တစ်ချို့လည်း မကောင်းတော့ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ် မှန်ကန်တဲ့ဆေးနည်းနဲ့ စိတ်ရှည်လက်ရှည်ကုရမှာ၊ ကိုယ့်အလုပ်ပဲဆိုပြီး ဒီဆေးနည်းပေးခဲ့တာ၊ ကဲ. . . လာ. . . ဆေးလိမ်းပြီးရင် သားတို့ထမင်း အတူစားကြမယ်၊ မနေ့ညနေကလိုပဲ ဇလုံနဲ့ ထမင်းထည့်ပြီး ဒေါ်လေး ခွံ့ကျွေးရင်း စားကြမယ်သိလား"





"အေးပါ. . . အေးပါကွယ်. . ."

ဒေါ်ခင်မေ ဆေးလိမ်းဖို့ ဝမ်းလျားမှောက်ပေးရင်း ပေါက်ခနဲလိမ့်ဆင်းသွားတဲ့မျက်ရည်ကို ယဉ်ငွေးမမြင်အောင် အသာမျက်နှာမှောက် ထားလိုက်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဦးဘဖော်ရဲ့ကားလေး ခြံထဲကနေ လျှောခနဲ မောင်းထွက်သွားပြီ ဆိုရင်ပဲ ဒေါ်ကေသီ လုပ်ငန်းစလိုက်တယ်။

"မမြရေ. . ."

"ရှင်. . . ဆရာမ. . ."

"ဒီနေ့ အိမ်မှာ ထိုင်ကန္တားပွဲပေးဖို့ရှိတယ်၊ ဟိုတစ်ခါလိုပဲ မုန့်ဖြူ မုန့်နီ၊ ငါးကြော်၊ ကြက်ဖိုကြက်မ ဆေးကွမ်း လှက် အရက် အားလုံး အစုံနော်၊ မှတ်မိတယ်မဟုတ်လား"

"ဟုတ်. . . မှတ်မိတယ်၊ ဈေးစာရင်းစာရွက်လေးတောင် သိမ်း





ထားသေးတယ်"

"အိုခေ. . . သူတို့အဖွဲ့က (၁၂)နာရီလောက် ရောက်မှာဆိုတော့ ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင် လုပ်ထားပါဦး၊ ဖယောင်းတိုင်နဲ့ အမွှေးတိုင်ကတော့ရှိတယ်၊ အဲ့ဒါပဲ စုံအောင်လုပ်နော်"

"စိတ်ချဆရာမ၊ အခုပဲ ဈေးသွားလိုက်မယ်"

"ဩော်. . . ဒီမှာ ပိုက်ဆံ ခရီးတွင်အောင် ဆိုက္ကားနဲ့သွား၊ လမ်း လျှောက်မနေနဲ့"

"ဆရာမ ပန်းလဲဖို့ရော. . ."

"အို. . . လိုတာအကုန်လုပ်၊ မေးမနေနဲ့တော့"

အဲ့ဒီနောက် ဒေါ်ကေသီ လက်ကိုင်ဖုန်းဖွင့်ခေါ်ပြီး ဝရံတာဖက် ထွက်ရပ်လိုက်တယ်။

"ဘိုဘိုလား. . . မမပါကွယ်၊ ဒီနေ့ ကန္တားပွဲအစီစဉ် ဖြစ်မှာလား မေးတာပါ"

". . . . . . . . ."

"အို. . . တော်သေးတာပေါ့၊ ဒီမှာ အားလုံး စီစဉ်ထားပြီးပြီ၊ အဟင်းဟင်း. . ."

ဒေါ်မြ ဈေးခြင်းတောင်းဆွဲပြီး မီးဖိုခန်းကအထွက် ယွန်းဝတ် အမူရာလေးနဲ့ အသံတိတ်လုပ်ပြပြီး အနားရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးအတွက် ကနခို ငါးရာဖိုးလောက် ဝယ်လာခဲ့ပေးပါ"

"ဟဲ့ . . . သမီးရဲ့ ဘာလုပ်ဖို့လဲ"

"ရှူး . . . တိုးတိုး . . . အဲ့ဒါကို ဒေါ်ကေသီ လုံးဝ သိလို့မဖြစ်ဘူးနော်"

"အေး . . . အေး . . ."

အဲ့ဒီနောက်တော့ ဒေါ်မြလည်း ဈေးဝယ်ထွက်သွားတဲ့အတွက် အိမ်မှာ မတည့်အတူနေ နှစ်ယောက် ကျန်ခဲ့ပါတော့တယ်၊ ယွန်းဝတီ စာအုပ်တစ်အုပ် ကော်ဖီတစ်ခွက်နဲ့ ဧည့်ခန်းဆက်တီမှာ ထွက်ထိုင်တုန်း ဒေါ်ကေသီလည်း ဖုန်းပြောပြီး ဝင်လာကာထိုင်တယ်။

ဒီကရှေ့ တွေ့ပြီပေါ့ဆိုတဲ့ အကြည့်မျိုးနဲ့ ဒေါ်ကေသီ လှမ်းအကြည့်မှာ ယွန်းဝတီနဲ့ အကြည့်ချင်းဆုံသွားတယ်၊ မျက်ဝန်းနှစ်စုံရဲ့ ကြားမှာ အမုန်းတရားတွေက ဆက်သွယ်ပေါင်းကူးထားပေလို့လား မဆိုနိုင်ဘူး၊ ပူလောင်စူးရှတဲ့ အားပြိုင်မှုတွေနဲ့ ဘယ်သူမှ အကြည့်မခွာ မျက်တောင်မခတ်ဘဲရှိနေတုန်း ဒေါ်ကေသီက . . .

"မင်း နောင်တမရချင်ရင်တော့ ပြည်ပထွက်ဖို့ကိစ္စ မြန်မြန် အကောင်အထည်ဖော်လိုက်တာ အကောင်းဆုံးပဲ ယွန်းဝတီ"

"နောင်တဆိုတာ ကျွန်မအတွက်မှမဟုတ်တာ ဒေါ်ကေသီရဲ့၊ နည်းနည်းများ လွဲမနေဘူးလား"





"မင်း ငါ့ကို ဒေါ်တပ်မခေါ်နဲ့ ယွန်းဝတီ၊ မင်းနဲ့ငါ ဆယ်နှစ်ပဲကွာတယ်"

"ဟုတ်လား၊ ဒါဆို ရှင်နဲ့ကျွန်မလို့ ပြောကြတာပေါ့"

"မင်း မရွဲ့နဲ့နော်၊ မမြခေါ်သလိုပဲ ခေါ်ပါ"

"မခေါ်နိုင်ပါဘူး၊ ရှင်က ဘာဆရာမမို့လို့ ဆရာမ အခေါ်ခံချင်ရတာလဲ"

"တောက် . . ."

"ရှင် တောက်မခေါက်နဲ့နော်"

ယွန်းဝတီရဲ့စကားသံက အတော်မာထန်ပြီး ထွက်ပေါ်လာလို့ ဒေါ်ကေသီ အမူအရာပြောင်းလိုက်ပြီး . . .

"ကောင်းပြီလေ၊ ကိုယ့်လို အပျိုစင်တစ်ယောက်က မင်းအဖေလို သက်ကြီးအိုတစ်ယောက်ကို လက်ထပ်တာဟာ ဘာအတွက်လည်းဆိုတာ မင်း ကောင်းကောင်းသိပါတယ်"

ယွန်းဝတီ ပုခုံးတွန့်ပြလိုက်တယ်၊ ဒေါ်ကေသီက ဆက်ပြောတယ်။

"သမီးသားနဲ့ ဇနီးမယားက မတူဘူး ယွန်းဝတီ၊ သမီးသားက ရသုံးမှန်းခြေကိုက်ပေမယ့် ဇနီးမယားဆိုတာ ဘဝဆုံးပြီး အလွမ်းတွေ ပိုက်ရတာချည်းပဲ၊ အဲ့ဒီတော့ ရထိုက်တာမှန်သမျှ ကိုယ် ရယူဖို့ လုပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပေါ့. . . ဖေဖေ့ပိုင်ဆိုင်မှုတစ်ဝက်ကို ရှင်ရမယ်ဆိုတာ ငြင်းစရာမှမရှိတာ"

"ငါက အကုန်လိုချင်တယ်. . ."

"အိုခေလေ. . . ဒါဆိုလည်း ရှင်သေဖို့ အခေါင်းကအစ ကျွန်မ တာဝန်ယူပေးရမှာပေါ့"

"ဘာ. . ."

"ရှင်ပဲ အကုန်လိုချင်တယ်ဆို"

"ယွန်းဝတီ. . . မင်း. . . မင်း. . ."

ဒေါ်ကေသီ ကယောင်ကတမ်း အော်ဟစ်သံမျိုးနဲ့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာကာ ခွေခေါက်လဲကျသွားတယ်၊ ဒီတော့မှ ယွန်း ဝတီလည်း ကော်ဖီတစ်ငုံလောက်သောက်ပြီး ဖတ်လက်စ စာအုပ်နဲ့ ခြံထဲဆင်းလာပါတော့တယ်။

■



"ဟယ်. . . ပန်းတွေကလည်း ဒါပဲလား"

"ဗျာ. . . ဟုတ်. . . အားလုံး အလန်းတွေချည်းပဲ အစ်ကို. . . အဲ. . . အစ်မ. . ."

"ဟင်းနော်. . . တို့ကို တို့မှန်းသိရက်နဲ့ မိုးပြောချိုးပြော လျှောက် မပြောနဲ့"

"ခင်ဗျာ. . ."

မြင်ကတည်းက ရင်ထဲမှာ အယ်နေအောင် မှတ်မိနေတဲ့ သက် ထားဖေခင်ကြီးမို့လို့ ယဉ်ဒွေး ရွံ့ကြောက်ကြီးကြောက်ပြီး ဈေးရောင်း


www.burmeseclassic.com

www.burmeseclassic.com



နေရတယ်။

"လုပ်လေ. . . အကိတ်လေးရဲ့၊ တို့အတွက် ထုံးစံအတိုင်း ခုနစ်နံ့ဘွား ခုနစ်ရက်သားသမီးတွေအတွက် နေ့စုံ ပန်းစုံလေး"

"ဗျာ. . . ဟုတ်. . . ကျွန်တော့်ဆီမှာ ဒါ အကုန်ပဲဆိုတော့ လိုတာ ရှေ့ကဆိုင်က ယူပေးမယ်"

"လုပ်ပြီ. . . တွေ့လား၊ တို့က သူ့တစ်ယောက်တည်း အားပေးချင်တဲ့ဟာကြီးကို တကယ်ပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီမှာက ကုန်နေပြီဆိုတော့လေ. . . ခဏလေး"

ပြောပြီး ယဉ်ဌေး သူ့ဆိုင်နောက်ကနေထွက်လာပြီး ဒေါ်တိုးဘက်လှမ်းအကူး ဈေးစည်နေချိန် လူတွေကလည်း ပိတ်ကြပ်နေတော့ကာ တိုးရင်းဝှေ့ရင်း သက်ထားဖေခင်နဲ့ ဘေချင်းယှဉ်လျက် ရှိနေတုန်းမှာပဲ . . .

"အား. . ."

အမှန်တော့ ယဉ်ဌေး နာကျင်သွားလို့မဟုတ်ဘူးခင်ဗျ၊ လန့်စရာကောင်းတဲ့နေရာဆီမှာ ကိုင်ဆုပ်ခံလိုက်ရလို့ လန့်ပြီးအော်မိလိုက်တာပါ။ အသံကလည်းအောင် အတော်လည်း ကျယ်ကျယ်လောင်လောင်ဖြစ်သွားတဲ့အတွက် အနားက ဈေးဝယ်လာသူတွေရော ဈေးရောင်းသူတွေ





ပါ ဝေါက်ခနဲ တောင့်ခနဲဖြစ်ပြီး လှည့်ကြည့်ကြပါတယ်။ အဖြစ်က အတော် ကြည့်ရဆိုးဆိုးပါ။ သူခိုးက ခိုးရာပါပစ္စည်းချပြီး ထွက်ပြေးတော့ ပိုင်ရှင်က ကိုယ့်ပစ္စည်းကိုယ်ပိုက်ပြီး သူခိုးအော်သလိုမျိုးဆိုကိုယ့်ဆရာမျက်လုံးထဲ မြင်ရောပေါ့။ ယဉ်ဌေးလည်း အဲ့သလိုပါပဲ။ ပါမသွားပေမယ့် ပါသွားမှာ စိုးတဲ့ပုံမျိုး အုပ်ကိုင်ပြီး အော်လိုက်တာကိုး။

"ဟဲ့. . . ယဉ်ဌေး ဘာဖြစ်တာလဲ"

ဒေါ်တိုးလှမ်းအော်မှပဲ ယဉ်ဌေးလည်း သတိဝင်လာပြီး ထူထူပူပူနဲ့ ဒေါ်တိုးဆီရောက်သွားတယ်။

"ဘာဖြစ်တာလဲ. . . အလန့်တကြား. . ."

ယဉ်ဌေးကတော့ ဘာဖြစ်တယ်လို့ကို ပြောမကောင်းတဲ့အတွက် အောက်သိုးသိုးမျက်နှာနဲ့ သူလိုချင်တဲ့ပန်းတွေကိုပဲ အတင်းငုံ့ရွေး ဆွဲယူနေတော့တယ်။

"ဟဲ့. . . ဘာဖြစ်တာလဲလို့ ငါမေးနေတယ်လေ"

"ဟာဗျာ. . . ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘဲနဲ့များ ပြတ်ကျတော့မယ့်အတိုင်းပဲ"

ယဉ်ဌေး မျက်နှာကြီးနီပြီး ပန်းတွေပွေ့ယူပြီး ထွက်သွားမှ ဒေါ်တိုး တခိခိရယ်တယ်။ ဟိုအခြောက်မ လက်ချက်ဆိုတာ ဒေါ်တိုးသိတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံရရင် ယဉ်ငွေးကို ဒေါ်တိုး သဘောကျတယ်။ သဘောကျတယ်ဆိုတာ ဟိုလိုမဟုတ်ဘူး ကိုယ့်ဆရာရေ့ ဒီလိုဒီလို။ ယဉ်ငွေးက ပညာတတ်ပီပီ စကားပြောလည်း ယဉ်တယ်။ ခင်အောင် မင်အောင် လည်း ပေါင်းတတ် သင်းတတ်တယ်။ ခုခေတ် လူငယ်တစ်ချို့လို လေလေ ဖြုန်းဖြုန်းမဟုတ်ဘဲ ရိုးရိုးသားသား ကြိုးစားတယ်ဆိုတာ သူ့မျက်မြင် လေ။ အဲ့ဒီတော့ကာ အိမ်က အကြီးမ ထွေးခင်နဲ့ နေရာကျသွားရင် ဘယ်လောက်များကောင်း လိုက်မလဲလို့ စိတ်ကူးမိတာလေးပါ။

ဒါပေမယ့်လည်း အကဲခတ်ကြည့်ရသလောက် သူ့သမီးကသာ အလေးပေးဆက်ဆံနေတာ ယဉ်ငွေးဘက်ကတော့ သာမန် သူငယ်ချင်း ထက် မောင်နှမစိတ်ထက် မပိုဘူးထင်တာပါပဲ။

"ကဲ. . . ဒေါ်တိုး. . . ရော့ ကျွန်တော့်ဈေးအတိုင်း ရောင်းလိုက်တယ်၊ အားလုံး ငါးစီးဆိုတော့ ခုနစ်ထောင့်ငါးရာ"

"ဘုရားရေ. . . နင် ထောင့်ငါးရာနဲ့တောင် ရောင်းလိုက်တာလား"

"အင်းလေဗျာ၊ လူကို တွန့်ပြီး တုန်သွားအောင်လုပ်တဲ့ဟာ၊ တန် အောင်ရောင်းလွှတ်လိုက်တာ၊ နေပါစေ. . . သင်းတို့တွေက ပိုက်ဆံကို တွင်းထဲကနှိုက်နေသလားပဲ၊ ဘယ်ကဘယ်လို ရှာလို့ရမှန်းကို မသိဘူး၊ တကယ်ပိုက်ဆံပေါတဲ့ဟာတွေ၊ ကဲ ဒေါ်တိုး ကျွန်တော်ပြန်ပြီ"

"ဟင်. . . နင်က စွံလှချည်လား. . ."

"ဒီနေ့က ပန်းနည်းတယ်. . ."





"ဟဲ့. . . နေဦး"

ယဉ်ငွေး လှည့်ထွက်ဖို့ပြင်ပြီးမှ ပြန်လှည့်ကြည့်တယ်။

"နင်တို့မောင်နှမ စိတ်ကောက်ထားကြသလား"

"ဘယ်သူနဲ့တုန်း. . ."

"ထွေးခင်နဲ့လေ"

"အာ. . . ကောက်စရာလားဒေါ်တိုးရာ၊ အခု ဘာဖြစ်လို့လဲ"

"ဘာဖြစ်သလဲသိချင်ရင် အိမ်ကို သွားကြည့်လိုက်၊ မနေ့ကလည်း တစ်နေကုန် အခန်းထဲကမထွက်ဘူး၊ ဒီမနက်လည်း ထွက်မလာလို့ ငါ စောစောစီးစီး တုတ်ထားပစ်ခဲ့ရတယ်"

"ထွေးခင်လား. . ."

"တယ်. . . ဒီမသာလေး ပြောရင်းနဲ့ဝေးနေတယ်၊ ငါ ပေးစားပစ် လို့ မကောင်းရှိရော့မယ်"

"ဟာ. . . ဒေါ်တိုးကလည်း၊ ကဲ. . . သွားပြီ"

ယဉ်ငွေး မျက်နှာလွှဲတာနဲ့ ပင့်သက်ကြီးရှိုက်မိပေမယ့် ဒေါ်တိုး ကတော့ ပြုံးတယ်၊ သူ ဒီလိုမျိုး ပျစ်ပျစ်နှစ်နှစ် ပြောချင်တာ ဘယ်လောက် တောင်ကြာနေပြီလဲ၊ အခုမှပဲ အာတွေ့တော့တယ်ဆိုသလို ကိုယ့်ဆရာ ရေ. . .။

●



www.burmeseclassic.com

www.burmeseclassic.com

ပေတစ်ရာပတ်လည်လောက်ရှိတဲ့ ခြံဝင်းကြီးထဲ ပေခြောက်ဆယ်ပတ်လည်လောက်ရှိတဲ့ အာစီနှစ်ထပ်တိုက်ကြီးကိုကြည့်ပြီး ယဉ်ဒွေး ခြေလှမ်းတွေ ခြံအဝင်ဝမှာတင် ခပ်တွန့်တွန့်ဖြစ်သွားတယ်၊ သူ့တစ်သက် ဒီလိုခမ်းနားတဲ့နေရာမျိုး ရောက်ဖူးတာကို ရေတွက်ပြပါဆိုရင် ဘွဲ့နှင်းတုန်းက ဘွဲ့နှင်းခန်းမပါပဲ။ ကျောင်းအဆောက်အဦးကိုတော့ မပြောတော့ပါဘူး။ ဒီလောက်ချမ်းသာတဲ့သူတွေနဲ့ မိတ်ဆွေဖြစ်ရလိမ့်မယ်လို့လည်း တကယ်မတွေးမိခဲ့တာပါ၊ ယွန်းဝတီပေးတဲ့ လမ်းညွှန်နဲ့ဆို ဒီအိမ် သေချာတယ်ဆိုတော့ကာ ခြံတံခါးကြီးကနေ အထဲကို မဝံ့မရဲလှမ်းကဲ





ကြည့်လိုက်တယ်။ ဖုန်းနံပါတ်လည်းပေးထားလို့ သေချာအောင် ဖုန်းအရင်ခေါ်ကြည့်ရင် ကောင်းမလားလို့ စဉ်းစားနေတုန်းမှာပဲ ခြံအတွင်းဘက်တစ်နေရာကနေ ယွန်းဝတီ ထွက်လာတာကို လှမ်းမြင်လိုက်ရတယ်။

"ယွန်းဝတီ. . . "

အသံကြားရာဆီ သူမ လှမ်းကြည့်ပြီး ယဉ်ဒွေး အရမ်းကို စွဲလန်းတဲ့ အပြုံးမျိုး အပြေးလေးရောက်လာပြီး တံခါးဖွင့်ပေးတယ်။

"ရှင် ရောက်မှရောက်ပါ့မလားလို့"

"ကျွန်တော် အသက်ရှင်နေလို့ကတော့ သေချာတယ်လေ"

သူမ ဝင့်ခနဲ တစ်ချက်ကြည့်ပြီးမှ . . .

"အပေါ်မှာတော့ သူတို့အဖွဲ့တွေစုံနေပြီ၊ ပွဲကောင်းနေပြီရှင့်"

"သူတို့ဆိုတာက. . . "

"ဒေါ်ကေသီနဲ့ သူ့ဆရာ နတ်ကတော်အုပ်စုတွေလေ၊ ထိုင်ကနွှားပေးတယ်ဆိုလား၊ သောက်ပွဲကျင်းမယ်ဆိုလား ဘာလားပဲ၊ ကျွန်မတော့ နားမလည်ဘူး"

"အဲဒီတော့ ကျွန်တော်တို့က ဘာလုပ်ကြမလဲ"

ခြံအဝင်လမ်းအတိုင်း လျှောက်ဝင်လာကြရင်း သူမ တစ်ချက်ငြိမ် သွားပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှင်လုပ်နိုင်မလား"

"ဘာကိုလဲ"

"အဲဒီအခြောက်တွေ လန့်ပြီးလစ်ပြေးအောင်လေ၊ ဥပမာ ရှင်က ကျွန်မရဲ့ဆရာအနေနဲ့ ရောက်လာတာပေါ့၊ ဟုတ်တာမဟုတ်တာ အသာထား၊ ဟန်ရေးပြလိုက်ကြမယ်၊ ဘယ့်နှယ့်လဲ"

"အင်း. . . လုပ်ကြည့်ရတော့မှာပဲ. ."

"အိုခေ. . . လာ. . . အပေါ်ထပ်ကို တစ်ခါတည်းတက်ကြမယ်"

ဆိုတော့ ယဉ်ဌေးလည်း ယောင်ပေယောင်ပေနဲ့ လိုက်ပါသွားတယ်၊ သူ့အတွက်ကတော့ ရင်ထဲရောက်နှင့်နေတဲ့ မိန်းကလေးနဲ့ ပတ်သက်လာရင် ဘီလူးခြေသလုံးပဲ ဖက်ကိုက်ရကိုက်ရ၊ သံရည်ပူကိုပဲ အပေါ့အငန် မြည်းရမြည်းရ လုပ်ရတော့မယ်မဟုတ်လား။

အဲ့ဒီလိုနဲ့ အလွန်ပဲ ကြီးကျယ်ခမ်းနားတဲ့ အိမ်ဧည့်ခန်းကြီးကို ဖြတ်ကျော်ပြီး ကော်ဇောနီခင်းထားတဲ့ လှေခါးကြီးအတိုင်း အပေါ်ထပ်ကို တက်လာခဲ့တယ်။

"ဟဲ့. . . မသောက်ပရဲ့၊ အမေ လုပ်မယ်ဟဲ့"

"လုပ်ပါ အမေရယ်၊ အားကိုးပါတယ်၊ ဗုဒ္ဓဟူးသမီးကြီး အတော်ကို စိတ်ညစ်နေတာပါ"

"မညစ်နဲ့. . . မညစ်နဲ့. . . နှစ်ယောက်စလုံးက ဗုဒ္ဓဟူးတွေချည်း





မို့လို့ အမေချိန်နေတာ၊ ဟော့ ဂူတစ်ဂူထဲ ဆင်နှစ်ကောင် မအောင်းဘူးဟော့"

"ခြသေ့်နှစ်ကောင်ပြောပါ အမေရဲ့"

"ဟဲ့. . . မသောက်ပရဲ့၊ ဗုဒ္ဓဟူးပါဆိုမှ ဆင်မဟုတ်လို့ နင့်ကြီးတော်လား"

"ဒါဆို ဆင်မကြီးနဲ့ ဆင်မလေးပေါ့ဘုရား"

"မဟုတ်ဘူးကွ၊ ဆင်ပျို့နဲ့ ဆင်အို"

အောင်းခနဲထွက်ပေါ်လာတဲ့ ယဉ်ဌေးအသံကြီးကြောင့် အားလုံး ဇက်ပုကုန်ပြီး လန့်ဖျပ် လှည့်ကြည့်ကြတယ်။ ယဉ်ဌေးက အသင့်ထည့်ယူလာတဲ့ ပုတီးကုံးကို လည်ပင်းစွပ်ပြီး ဘုရားဆောင်ရှိရာ ခြေလှမ်းကျဲကြီးနဲ့ လျှောက်ဝင်သွားတဲ့အတွက် အားလုံး မျက်လုံးအပြူးသားနဲ့ လိုက်ကြည့်ကြတယ်။

ယဉ်ဌေး ခပ်တည်တည်နဲ့ ဘုရားဝတ်ပြုပြီး ဘုရားဆောင်ကို ကျောပေးထိုင်လိုက်တယ်ဆိုရင်ပဲ ယွန်းဝတီက ယဉ်ဌေးရှေ့မှာ ပဆစ်တုပ်ကလေး ဝင်ထိုင်ပြီး ဝတ်ဖြည့်တယ်။

နတ်ပွဲက ဘုရားဆောင် ခြေရင်းဖက်မှာလုပ်တဲ့အတွက် ယဉ်ဌေးနဲ့ ယွန်းဝတီတို့က ခေါင်းရင်းမှာ နေရာယူပြီးသားဖြစ်သွားတယ်။ ဒါကို ဒေါ်ကေသီ လုံးဝ သည်းမခံနိုင်တော့ဘဲ ထပြောဖို့ပြင်တာကို နတ်


www.burmeseclassic.com

www.burmeseclassic.com


ကတော်တစ်ယောက်က တားထားတယ်၊ ဘာလဲဆိုတော့ အခြေအနေ ကြည့်မယ်ပေါ့၊ အဲဒီအချိန်မှာပဲ ယဉ်ဌေးက . . .

"ကိုင်း . . . ငါ့သမီး အဘကို ပင့်တဲ့ကိစ္စ . . ."

"ဟုတ်ကဲ့အဘ . . . သမီး အိမ်မှာနေရတာ စိတ်ရှုပ်လို့ပါ"

"ဟေ . . . ရှုပ်မှာပေါ့ကွ၊ ဒီလောက် ရှုပ်ယှက်ခတ်နေတာ၊ မပူနဲ့ အဘ အကုန်လုံးမောင်းထုတ်ပစ်မယ်၊ အဘ ဘယ်သူလဲသိရဲ့လား ငါ့ သမီး"

"ဘိုးမင်းခေါင်လို့ထင်ပါတယ် အဘ"

"မဟုတ်ဘူးကွ ဗိုလ်မင်းဂေါင် . . . ဘိုးမင်းခေါင်က မေတ္တာသမား ကြီး၊ ငါက ဖိုက်တာပဲဟေ့၊ မဟုတ်သုတ်ခတွေ သေမယ့်သာကြံထား"

"ဒုန်း . . ."

ယဉ်ဌေးပြောလည်းပြော ကြမ်းပြင်ကို ဖနောင့်နဲ့လည်း ပေါက်ချ လိုက်လို့ ဒေါ်ကေသီ နည်းနည်းဖြုံသွားတယ်၊ သူမရဲ့ဆရာတွေကိုလည်း အားကိုးတကြီး လှည့်ကြည့်တယ်လေ။ အဲဒီအချိန်မှာပဲ မှင်တက်မိနေ တဲ့ နတ်ကတော်က ဆက်ကြမ်းပါတော့တယ်။

"ဟဲ့ . . . မိဂျမ်းကို ထကြည့်စမ်း၊ လမ်းဆုံက ဂျမ်းဘုံကို ဒါမျိုး ရရိုးလား၊ ငါ့သမီး အမေတော့ရင် မပျော့ခံနိုင်မလား"

"မခံနိုင်ပါဘူးဘုရား၊ ဒါ အနှောင့်အယှက်ပါဘုရား"





"အိုး . . . ပါမွှားက လာစားလို့ရမလား၊ ဟဲ့ မသောက်ပ သေရည် ခွက်မှောက်ပြီး မီးတောက်ထွန်းစမ်းဟဲ့"

"ကောင်းပါပြီ အမေ"

အဲဒီနောက် ဘေး စတော်ထောက်က ဖယောင်းတိုင်မီးထွန်းပေး နေခိုက် ယဉ်ဌေးက . . .

"ကိုင်း . . . ငါ့သမီး အထက်နဲ့အောက် ဘယ်သူကမြင့်သလဲဆို တာ ပြမယ်"

ထိုသို့ပြောပြီးသည်နှင့် ယဉ်ဌေး ပုတီးကို လက်မောင်းထဲထည့်၍ ဝေ့ယမ်းကာ ဂါထာမန္တန်အား ခပ်ကျယ်ကျယ်လေး ရွတ်တော့တယ်။

"ဒရိ ဒရိန္တ မာရိန္တ သဋ္ဌိ သဋ္ဌန္တ ရာဇိန္တ မုနိ မုနိန္တ သမ္ဘိန္တ နမိ နမိန္တ တံဝန္တေ . . ."

"အား . . ."

ယဉ်ဌေးရွတ်တဲ့မန္တန် တစ်ပိုဒ်အဆုံးမှာပဲ ဖယောင်းတိုင်လဲကျပြီး စားပွဲခင်းပေါ် မီးဟုန်းဟုန်းထတောက်ပါတော့တယ်"

"ဟာ . . . မီး . . . မီး . . ."

"အား . . . လုပ် လုပ်ကြပါဟဲ့၊ အမလေး ပူတယ် ပူတယ်"

အမှန်တော့ ဟန်နဲ့ထန်နဲ့ တကယ်လုပ်နေတဲ့ ယဉ်ဌေးကို အားနာ ကျပြီး ဖယောင်းတိုင်ကို ဂရုစိုက်မထွန်းတဲ့အတွက် လဲကျပြီး အခုလိုခွတ်



www.burmeseclassic.com

www.burmeseclassic.com

ကို မီးဟပ်ကုန်တာပါ။ အရက်ကလည်း အရက်ကောင်းတွေမို့လို့ ဟုန်းခနဲ ထတောက်ပြီး စားပွဲတစ်ခုလုံး ပျံ့နှံ့ကုန်တယ်၊ အဲ့ဒီ အခိုက်မှာပဲ ယဉ်ဒွေး ဝုန်းခနဲခုန်ထပြီး ဘုရားသောက်တော်ရေလဲတဲ့ ရေအိုးကို မယူလာကာ မီးလောင်နေတဲ့စားပွဲပေါ် ပေါက်ခွဲပစ်လိုက်တယ်။

"ဝုန်း. . . ဝေါ. . . ခလွမ်း. . . ဂွမ်း. . ."

ပြီးမှ စားပွဲဘေးမှာ ခပ်တောင့်တောင့်ရပ်ပြီး . . .

"ဦး. . . ဆရာ အုံ ပုံဆရာပုံ လုံဆရာလုံ ဂုဏ် ဂုဏ် ဗုဒ္ဓဂုဏ် ဒုက္ခဘုံမှာ မဟုတ်ကဟုတ်ကတွေ အကုန်လောင် အကုန်ပြောင် ဂေါင်ဂေါင်၊ ဟဲ့ မကောင်တကောင်တွေ နင်တို့ ငါ့ကို ဦးမတိုက်သေးဘူးလား"

"အောင်မလေး ကြောက်လှပါပြီအဘရယ်၊ ဦးတိုက်ပါတယ်၊ တောင်းပန်ပါတယ်၊ သမီးတို့ကို ခွင့်လွှတ်ပါ၊ မလီမွှာလို့ မိုက်မိတာပါ"

"မလီမွှာရင် မိုက်တာပေါ့ကွ၊ ဒါ စကားလုပ်ပြောနေသေးတယ်၊ အဲဒီဝိုင်းကို အခုသိမ်းပြီး အားလုံး ငါ့ရှေ့လာစုကြ"

ယဉ်ဒွေးစိတ်ထဲ အားနာနေမိပေမယ့် လက်စနဲ့ ဖိဟောက်ပြီး ဘုရားဆောင်မှာ ဂဏ္ဍေရရပြန်ထိုင်တယ်၊ ယွန်းဝတီလည်း ရယ်ချင်စိတ်ကို မြိုချပြီး အတော်တည်တည်ကြီးလုပ်နေရတယ်။ ခဏကြာတော့ ဒေါ်ကေသီနဲ့ သူ့နတ်ကတော်တွေ ယဉ်ဒွေးရှေ့မှာ လာစုထိုင်ကြမှ. . .





"ဒီအိမ်သားမဟုတ်တဲ့သူတွေ အခုချက်ချင်း ပြန်ကြစမ်း၊ ငါ့ရှေ့မှာ အိမ်သားတွေပဲ ကျန်ပစေ၊ မြောင်ပြီးကပ်နေတဲ့ကောင် သေမယ့်သာကြံထား၊ ဗိုလ်မင်းဂေါင်ကွ၊ လာမလုပ်နဲ့ ဖိုက်တာပဲ"

ဆိုတော့ကာ ဒေါ်ကေသီ ပင့်ဖိတ်ထားတဲ့ ကတော်အုပ်စုတစ်ချို့တည်း ထသုတ်ကုန်ကြတော့တယ် ကိုယ့်ဆရာရေ။

အိမ်ပေါ်မှာ သူတို့သုံးယောက်တည်းရှိနေတော့မှ ယဉ်ဒွေး ဘုရားဆောင်ကနေထွက်ပြီး ဒေါ်ကေသီခြေရင်းဘက်မှာ ဆင်းထိုင်လို့ ဒေါ်ကေသီ ထခုန်မတတ်လန့်ပြီး. . .

"အိုး. . . အဘ အဲ့ဒါ သမီးတော် ငရဲကြီးပါ့မယ်၊ အပေါ်မှာ ထိုင်ပါ"

"အန်တီ စိတ်အေးအေးပဲထားပါ၊ ယွန်းဝတီ ကျွန်တော့်ကို ကော်ဖီ ခါးခါးတစ်ခွက်လောက် တိုက်ပါလားဗျာ"

"ဟုတ်. . . ရမယ်လေ၊ ခဏလေးစောင့်နေဦး"

ယွန်းဝတီ ထထွက်သွားမှ . . .

"ပထမဦးဆုံး မိတ်ဆက်ပေးရရင် ကျွန်တော့်နာမည် ယဉ်ဒွေးပါ၊ ယွန်းဝတီရဲ့ သူငယ်ချင်းပါ၊ အန်တီ အခုလို အလိမ်ခံနေရတယ်ဆိုတာကို ယွန်းဝတီဆီက တစ်ဆင့်ကြားရလို့ ကျွန်တော် ရောက်လာတာပါ၊ အမှန်တော့ ကျွန်တော် အလိမ်ကြီးလိမ်ပစ်လိုက်တဲ့အတွက် အလိမ်လေး


www.burmeseclassic.com

www.burmeseclassic.com



တွေ ထွက်ပြေးသွားတာပါပဲ"

သူပြောသမျှ နားထောင်နေပေမယ့် ဒေါ်ကေသီ စိတ်ထဲ အကြောက်မပြေချင်သလို မရဲတရဲလှမ်းကြည့်ပြီး. . .

"အဘ. . . အဲ. . . အဲ. . . မောင်ဘယ်သူ"

"ယဉ်ဌေးပါ"

"မောင်ယဉ်ဌေးပြောတာ အန်တီ သိပ်သဘောမပေါက်ဘူးကွယ်"

"ဒါဆိုလည်း စိတ်ရှည်ရှည်နဲ့ နားထောင်ပါ။ စောစောကပုဂ္ဂိုလ်တွေက အန်တီဖြစ်ချင်တာကို ဖြစ်အောင် လုပ်ပေးမယ်လို့ပြောလား"

"အင်း. . . ပြောတယ်၊ ပုဂ္ဂိုလ်တွေနဲ့ စီရင်ပေးမယ်လို့ပြောတယ်"

"တကယ်ရော ဟုတ်ပါ့မလား"

"အဲဒါတော့ အန်တီ မပြောနိုင်ဘူး"

"ခုချိန်ထိ အန်တီ သဘောမပေါက်ဘူးလား၊ သူတို့သာ တကယ်စွမ်းမယ်၊ တန်ခိုးရှိမယ်၊ တားဆီးတာ တိုက်ခိုက်တာ လုပ်နိုင်မယ်ဆို ကျွန်တော့်ကို ဘာလို့ မလုပ်ကြသလဲ"

"မင်းက သူတို့ထက်စွမ်းလို့ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . ကျွန်တော်က သူတို့လိမ်နေတာထက်ပိုပြီး လိမ်ပြလိုက်တာ"

"ဒါနဲ့ မင်း ဂါထာစုတ်တော့ ဟိုမှာ မီးထလောင်တယ်လေ"





"အဲဒါ ဂါထာစွမ်းလို့ မဟုတ်ဘူး၊ သူတို့ဘာသာ ဖယောင်းတိုင်ကို ငြိမ်းအောင်မထွန်းလို့ အရက်ခွက်ထဲကျပြီး မီးထတောက်တာ"

"သြော်. . ."

"ကျွန်တော် ပထမ ပြောချင်တာ ဒီခေတ်မှာ အလိမ်ခံရရင် အရမ်းရှက်ဖို့ကောင်းတယ်၊ အန်တီ အလွန်အမင်းလိုအပ်နေတဲ့ လိုအပ်ချက်တစ်ခုကို အားနည်းချက်ပြုပြီး သူတို့ လာလိမ်နေကြတယ်၊ ဒုတိယပြောချင်တာက အန်တီ့လိုအပ်ချက်က ဘာလဲဆိုတာ ကျွန်တော်သိရင် အနီးစပ်ဆုံးနဲ့ အကောင်းဆုံး အကြံဉာဏ်ပေးချင်တယ်၊ နောက်ထပ် အလိမ်မခံပါနဲ့"

ယွန်းဝတီ ကော်ဖီပန်းကန်နဲ့ ပြန်ရောက်လာတဲ့အတွက် ယဉ်ဌေးတို့စကားဖြတ်လိုက်ကြတယ်။ မဆိုးပါဘူး။ ယွန်းဝတီက ကော်ဖီကို သုံးဆောက်စာ လင်ပန်းနဲ့ ထည့်ယူလာပေးပါတယ်။ အားလုံး ဘယ်သူမှ အားနာမနေဘဲ ကော်ဖီကိုယ်စီသောက်ကြတယ်။ ခဏကြာမှ ဒေါ်ကေသီက. . .

"ကျေးဇူးပါပဲ မောင်ယဉ်ဌေး၊ နောက်ရက်တွေ အန်တီနဲ့မင်းနဲ့ တွေ့ချင်ပါသေးတယ်၊ မင်းပြောခဲ့တယ်နော်၊ အနီးစပ်ဆုံးနဲ့ အကောင်းဆုံး အကြံဉာဏ်ပေးချင်တယ်ဆိုတာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ တကယ်ပဲလိုအပ်ပါတယ်၊ မင်း. . . ကူညီပါ"

ဒေါ်ကေသီ အကြောက်ပြေပြီး သူ့ကိုယ်သူ ယုံကြည်မှုရှိလာပြီဆိုတာ အသံနားထောင်ကြည့်ရုံနဲ့ သိသာတယ်လေ၊ အဲ့ဒါကြောင့်ယဉ်ဌေးက. . .

"As you want more, you can not finish your wishes" လို့ချင်နေသရွေ့ ဘယ်တော့မှ မပြည့်စုံပါဘူးအန်တီ၊ "If you want no more, your life will be perfect" အဲ့ဒီလိုအပ်မှုတွေ မရှိတော့မှပဲ ပြီးပြည့်စုံတဲ့ဘဝဆိုတာ ရှိလာမှာပါ။ ဒါဟာ သေချာပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကိုးကွယ်ရာအစစ်ဖြစ်တဲ့ ဗုဒ္ဓရဲ့ ဒဿနအစစ်အမှန်ပါပဲ၊ ကျွန်တော်တို့အားလုံး လက်ခံနိုင်ဖို့ပဲလိုတယ်"

ဒေါ်ကေသီ ခေါင်းတဆတ်ဆတ်ညိတ်နေရင်းက လက်ကိုင်ဖုန်းမြည်လာလို့ ဖွင့်ပြီး လက်ခံလိုက်တယ်။

". . . . . . . . ."

"အားနာပါတယ် ဘိုဘိုရယ်၊ မမက အခု ဗိုလ်မင်းဂေါင်ပဲ အားကိုးတော့မှာဆိုတော့ မင်းတို့ နားလို့ရပါပြီ အဟင်းဟင်း"

". . . . . . . . ."

ဒေါ်ကေသီ ဖုန်းပိတ်လိုက်ပြီးမှ . . .

"စောစောကအဖွဲ့တွေလေ၊ အခု အန်တီပြောလိုက်တဲ့စကားကို





မင်းတို့ကြားမှာပေါ့၊ အဲ့ဒါ အန်တီ သဘောထားပဲ၊ ကဲ မင်းတို့သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ်နေခဲ့ကြဦး၊ အန်တီလည်း အပြင်ခဏထွက်လိုက်ဦးမယ်"

"ကောင်းပါပြီ"

"ကျွန်မတို့လည်း ခြံထဲဆင်းရအောင်"

"အင်း. . ."

အဲ့ဒီနောက် သုံးယောက်စလုံး အပေါ်ထပ်က ဆင်းခဲ့ကြပြီး ယဉ်ဌေးနဲ့ ယွန်းဝတီတို့ ကော်ဖီခွက်ကိုယ်စီနဲ့ ခြံထဲက အပင်ရိပ်အောက်က ခုံတန်းမှာ ထိုင်ကြတယ်။

"ရှင်ရဲ့ အစွမ်းအစလည်း မသေးပါလားနော်"

"အဲ့ဒါ မယုံကြည်နိုင်စရာကောင်းတဲ့ သတ္တိတစ်မျိုးပဲ ဝတီရဲ့၊ ကျွန်တော့်အတွက်တော့ ဒါ ပထမဦးဆုံးပဲ"

"ဒါနဲ့ ရှင် ရွတ်တဲ့ဂါထာက ဘယ်ကဂါထာလဲဟင်"

"အာ. . . အဲ့ဒါ ဓမ္မစေတီအင်းချဂါထာပဲ၊ အဲ့ဒီတစ်ပိုဒ်ပဲရတယ်၊ ကျန်တာတော့မသိဘူး၊ လုပ်လည်းမလုပ်တတ်ဘူး၊ ဒါတောင် သူငယ်ချင်းတစ်ယောက်က ဂိုဏ်းတက်ပြီး ဆေးလိုက်ကုနေလို့ အပျင်းပြေ သူနဲ့လိုက်သွား၊ သူဖတ်တဲ့စာအုပ်တွေ ယူဖတ်လို့ တောင်တစ်လုံး မြောက်တစ်လုံးသိတာ"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်းဟင်း မဆိုးပါဘူး၊ ရှင်လုပ်နိုင်သားပဲ၊ ပိုပြီး အထင်ကြီး စရာကောင်းတာက ဒေါ်ကေသီ ရှင့်ကိုသဘောကျသွားအောင် ပြော နိုင်တာလေ. . ."

"အင်း. . . အဲ့ဒါကတော့ အယူအစွဲကြီးတဲ့သူတွေရဲ့ သဘာဝ ပဲလေ"

"ဟုတ်တယ်နော်. . . အခု ဗိုလ်မင်းဂေါင်ဖြစ်နေပြီ၊ နောက်ဆို ယဉ်ဌေးမှယဉ်ဌေး ဖြစ်တော့မလားမသိဘူး"

"ဟာ. . . ဝတီ"

" အခစ်ခစ်ခစ်. . . နောက်တာပါရှင် အဟင်းဟင်း"

"ဒါပေမယ့် ဒေါ်ကေသီ့မျက်လုံးတွေ ကျွန်တော်မကြိုက်ဘူး၊ ဝတီ ကျွန်တော်မြင်ရသလောက် ခဏလေးပဲ ရှင်းတယ်၊ နောက်တော့ ပြန်ရှုပ်ထွေးလာတယ်၊ သူတို့လို လူမျိုးကို လျှော့တွက်မိရင်မှားလိမ့်မယ်"

"ကျွန်မ နားမလည်ဘူး"

"ကျွန်တော်လည်း အခု ရှင်းမပြတတ်ဘူး"

အဲ့ဒီနောက်တော့ ကော်ဖီခွက်ကိုယ်စီနဲ့ တိတ်ဆိတ်သွားကြပြီး အတော်လေးကြာတော့မှ. . .

"ရှင် သင်တန်းတက်နေပြီလား"

"မနေ့က စတက်တယ်၊ ဝတီရော လာဦးမလားလို့ ကြည့် သေး





တယ်"

"ကျွန်မက ဖွင့်စရက်ကပဲ ခဏကူပေးတာလေ၊ အဲဒါ သူငယ် ချင်းတွေ"

"ဟုတ်လား. . . တော်ကြပါတယ်၊ ကျွန်တော် အရမ်းအားကျမိ တယ်၊ အဲ့. . . အဲ့ဒီနေ့က ဆရာမတစ်ယောက်က လာမေးတယ်၊ ဝတီနဲ့ သူငယ်ချင်းတွေလားတဲ့ ကျွန်တော်လည်း အင်းလို့ပဲဖြေလိုက်တယ်"

သူမ ထိုစကားကို ဘယ်လိုထင်မြင်ချက်မှ မပေးဘဲ ငြိမ်ပြီး ပြုံးနေတယ်၊ ယဉ်ဌေးကလည်း အဲ့ဒီမျက်နှာပေါ်က အပြုံးကိုပဲ မျှော်နေတဲ့ကောင်ဆိုတော့ကာ. . .။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ဘာပဲပြောပြော ဒီနှစ် မိုးရာသီက ယဉ်ဌေးအတွက် မိုးစက် မိုးပေါက်ကလေးတွေကအစ အဓိပ္ပါယ်ရှိသလို ခံစားရတယ်၊ ခါတိုင်းတော့ ဈေးရောင်းချိန် မိုးရွာလာရင် ပလတ်စတစ်ကြီးခြုံပြီး ကောင်းကင်ကို စိတ်ပျက်လက်ပျက်မော့ကြည့်တာမျိုး၊ ဈေးရောင်းပါးရင် မိုးရွာတာကိုပဲ ရမယ်ရှာပြီး မြည်တွန်တာမျိုးကတော့ အနည်းဆုံးလုပ်မိနေကြပါ။ အခု ကတော့ ယဉ်ဌေး စိတ်ကို အများကြီးပြောင်းလဲစေတယ်ခင်ဗျ။ အဝတ် အစားကိုလည်း ဟိုတုန်းကလို စစ်အင်္ကျီအဖာအထေးကို နံစော်နေ အောင် ဝတ်ပြီး ဈေးဆင်းတာမျိုးမလုပ်တော့ဘဲ သပ်သပ်ရပ်ရပ် သန့်





သန့်ပြန့်ပြန့် ဝတ်လာတယ်။ ဂျင်းဘောင်းဘီနဲ့ အော်တာရှပ်နဲ့ ရောင်း တဲ့ရက်တွေလည်းရှိပါ။

မိုးရွာရင်တောင် ပလတ်စတစ်မခြုံတော့ဘဲ မိုးကာဂျက်ကက် အင်္ကျီခေါင်းစွပ်နဲ့ ရဲလေးရဲ့မိုးသီချင်းကို လွမ်းလွမ်းတတ ညည်းဆိုနေ တာမျိုးတောင် ဖြစ်လာပါတယ်။ ဒါဟာ အချစ်ကို စတင်ခံစားခွင့်ရသွား တဲ့ လူငယ်တစ်ယောက်ရဲ့ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုဆိုတာ ကိုယ့်ဆရာလည်းသိမှာပါနော့။ အခုချိန်ခါ ယဉ်ဌေးရဲ့စိတ်ဝိညာဉ်ထဲ ဝင်ကြည့်ရင် ပိုသိတယ်၊ ကိုယ့်ဖက်က သေချာနေပြီဆိုတာ ကိုယ့်စိတ်နဲ့ ကိုယ်သိလေတော့ သူ့မှာ မိုးတွေအုံ့လာလည်း လွမ်း၊ တိမ်တွေထူနေလည်း လွမ်း၊ နေပူလည်း လွမ်း၊ မိုးရွာလည်း လွမ်း၊ ဈေးဝယ်လာတဲ့သူတွေထဲ ယွန်းဝတီများ တွေ့နိုးနိုးနဲ့ ကျီးကြည့်ကြောင်ကြည့်လုပ်ပြီး လွမ်း၊ ဈေးကွဲလို့ ဆိုင်သိမ်းပြန်လည်း လွမ်း၊ အမှိုက်သိမ်းတဲ့ကားကြီး ဈေးလမ်း ကြားထဲ မောင်းဝင်လာပြီး အမှိုက်တွေသိမ်းနေတာတောင် သူ့စိတ်ထဲ လွမ်းစရာ တမ်းတစရာကြီးကို ဖြစ်လာတော့ ဒါဟာ အချစ်ရောဂါ ဆိုတာ သူ့ဘာသာသူလည်း နားလည်လာတယ်၊ ဒါပေမယ့်လည်း ဈေးဆင်းလိုက်၊ ဈေးခင်းလိုက်၊ သင်တန်းသွားတက်လိုက်နဲ့ အိမ်ရောက် တော့လည်း အိမ်အလုပ် အဒေါ်လေဖြတ်ထားတဲ့ ဝေဒနာသည်ကြီးကို ပြုစုနဲ့ ယွန်းဝတီတို့အိမ်ဖက်ကို ဒီတစ်လုံး တစ်ခေါက်တောင်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖြစ်ပါဘူး။ သွားချင်စိတ်ရှိတာတောင် သွားဖို့က အင်မတန်ဝန်လေး ရှုပ်ထွေးမြန်းစရာကောင်းတဲ့ အသိုင်းအဝိုင်းကြီးမဟုတ်လား။

အဲ့ဒီထက် ပိုဆိုးတာကတော့ ထွေးခင်ပါ။ အစကတည်းက ရင်ထဲမရှိတဲ့သူဆိုတော့ မေ့ကိုမေ့နေတာ သဘာဝကျပါတယ်။ ဒေါ်တိုးကလည်း ဒီထက်ပိုရင် မိန်းမဈေးကျတယ်ဆိုပြီး မသိဟန်ဆောင်နေသလား မပြောတတ်ဘူးခင်ဗျ။ ဈေးထဲ ပန်းကိစ္စကလွဲလို့ ယဉ်ဒွေးနဲ့ ခါတိုင်းလောက် အနောက်အပြောင်ကို မရှိတော့တာလေဗျာ။

အဲ. . . ဒီနေ့တော့. . .

"ဟဲ့. . . ယဉ်ဒွေး. . ."

နောက်မှာ ရေထောင်ထားတဲ့ မေမြို့ပန်းစည်းကြီးကို ဖြည်နေတုန်း ဒေါ်တိုး လှမ်းခေါ်လို့ လှည့်ကြည့်လိုက်တယ်။

"ထွေးခင် ဘာတွေလုပ်နေတာလဲ"

"ဗျာ. . ."

ယဉ်ဒွေး တကယ်လန့်သွားတာပါ။ သူနဲ့ တစ်အိမ်တည်းနေတဲ့ သူ့သမီးကို ဘာတွေလုပ်နေလဲလို့ မေးလာတော့ ယဉ်ဒွေးလည်း မျက်လုံးအကျယ်ကြီးနဲ့ လှမ်းကြည့်ပြီး ဘာပြောရမှန်းမသိဘူးလေ။

"ဒေါ်တိုး ဘာကိုမေးနေတာလဲ"

"နင့်ဘာသာနင်သွားမေး၊ ငါဆက်မေးရင် ပါးကွဲပြီးသေတော့





မယ်"

"ဟောဗျာ. ."

လှမ်းကြည့်ရသလောက် ဒေါ်တိုးမျက်နှာ ပေါက်ထွက်တော့မတတ်နီရဲနေတော့ကာ ဒါ သာမန်မဟုတ်ဘူးဆိုတာတော့ ယဉ်ဒွေး ခန့်မှန်းမိလိုက်တယ်။ အဲ့ဒါကြောင့် ကျေးဇူးရှင် စိတ်ချမ်းသာအောင် ဆိုတဲ့စိတ်နဲ့. . .

"ဟုတ်. . . ဟုတ်. . . ကျွန်တော် ဈေးသိမ်းပြီး အပြန်ဝင်သွားလိုက်မယ်"

"သွားရင် အခုသွား နင့်ဟာတွေထားခဲ့"

"အဲ. . ."

"တောက်. . . မိဘက ကောင်းရောင်းကောင်းဝယ်လုပ်ကျွေးနေတဲ့ကြားက သင်းက ရွှေချင်တယ်၊ ငါလေ. . . တောက်"

"ကဲ. . . ကဲ. . . ဒေါ်တိုးရာ တော်ကြာ သွေးတွေတိုးလာဦးမယ်၊ သွားမယ်. . . သွားမယ်. . . ဒီပန်းစည်းက အခုမှဖြည်တာ၊ ရောင်းလို့ရတာ အဒေါ်ယူလိုက်၊ ကျွန်တော့်ကို အရင်းပဲပြန်ပေး"

အဲ့ဒီနောက် သူ့ပခုံးကပန်းတွေ ဒေါ်တိုးဖက်ရွှေ့ယူချပေးပြီး ဆိုင်ခုံတွေ သိမ်းလိုက်တယ်။ ဒီနေ့အဖို့တော့ ပုံမှန်ဖောက်သည်တွေမနက်ခင်းဈေးဖွင့်ကတည်းက အသီးသီးလာယူသွားကြလို့ နေ့တွက်



www.burmeseclassic.com

www.burmeseclassic.com


ကိုက်ပြီးသားပါ။ အချိန်လည်းကျန်၊ ပန်းတွေလည်းပိုယူလာလို့ ဆက်ရောင်းဖို့ ပြင်တုန်း ဒေါ်တိုးပူကျိုပူကျိုလုပ်တာနဲ့ပဲ။

●



ထွေးခင်တို့က ဈေးနောက် ငမိုးရိပ်(၂)လမ်းထဲတင် နေတာမို့လို့ ဦးတင်ဦးလမ်းကြားဘက်ကနေ ချိုးဝင်လာခဲ့တယ်။ သူလည်းအိမ်ရှေ့အရောက် ထွေးခင်လည်း အပြင်ထွက်ဖို့ပြင်ဆင်ပြီး အိမ်လှေခါးအတိုင်း ဆင်းလာတာနဲ့ ဆုံကြတယ်။

"ဘာလာလုပ်တာလဲ"

"နင့်ဆီလာတာ"

"လာစရာ ဘာအကြောင်းမှမရှိဘူး"

သူ တွေတွေကြီးလှမ်းကြည့်ပြီး ခြံအဝင်ဝမှာ ပိတ်ရပ်နေတဲ့အတွက်


www.burmeseclassic.com

www.burmeseclassic.com



ထွေးခင် မျက်နှာရှစ်ခေါက်ချိုးလုပ်ကာ အကြည့်လွှဲပြီး ရပ်နေတယ်။

ခဏကြာတော့ သူမလက်ကနာရီကိုကြည့်ပြီး . . .

"ဖယ်တော့ ငါနောက်ကျနေပြီ"

"နင် ဘယ်သွားမှာလဲ"

"ပြည်ပထွက်ဖို့ကိစ္စ လုပ်နေတာ"

"ဘာရယ်"

"ဖယ်တော့ဟာ၊ ငါ နင်နဲ့စကားပြောဖို့ အချိန်မရှိဘူး"

"ခဏလေး. . . ထွေးခင်"

အဲ့ဒီခိုက်မှာပဲ နှစ်နှစ်လောက်ရှိမယ့် ထွေးခင်မောင်လေး အငယ်ဆုံးနဲ့ နို့ညှာကောင်မလေး အိမ်ပေါ်ကဆင်းလာပြီး. . .

"မမ မုန့်ဘိုးပေးခဲ့လေ"

"လာမရှုပ်နဲ့နော်၊ ငါ လက်ပါမိလိမ့်မယ်"

"ဟာ. . . နင် ဘယ်လိုဖြစ်နေတာလဲ ထွေးခင်ရာ၊ ကဲ. . . ရော့. . . ရော့. . ."

ယဉ်ဌေး နှစ်ရာတန်နှစ်ရွက်ထုတ်ပေးလိုက်လို့ ကလေးနှစ်ယောက် ပျော်ပြီး ခြံအပြင်ဖက် တိုးထွက်သွားကြမှ. . .

"ငါတို့ ခဏလောက်စကားပြောကြရအောင်ဟာ၊ နင့်အမေလည်း သွေးတက်နေပြီထင်တယ်၊ မျက်နှာတခုလုံး နီအစ်နေတာပဲ"





ပြောပြီး သူရှေ့က ဦးဆောင်ထွက်နှင့်တယ်။ ရွှေရည်လမ်း အတိုင်း လေးထောင့်ကန်လမ်းမဘက် ထွက်လာပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင် မှာပဲ ဝင်ထိုင်ကြတယ်။ ထွေးခင်က ကော်ဖီလည်းမကြိုက်၊ လက်ဖက်ရည် လည်း မကြိုက်တဲ့သူမို့လို့ သူ့အတွက်ပဲ ကော်ဖီလှမ်းမှာပြီး စကားစလိုက် တယ်။ အဲ့ဒီအချိန်အထိ ထွေးခင်ရဲ့မျက်နှာက ခပ်တင်းတင်း ခပ်မှုန်မှုန် ပါပဲ။

"နင့်ကိစ္စက ဘယ်အစီအစဉ်နဲ့ထွက်မှာလဲ"

"ထုံးစံအတိုင်းပေါ့ဟာ၊ အိမ်ဖော်ပေါ့"

"ဘာ. . . နင်. . . ရူးနေလား"

"သွားစမ်းပါဟာ၊ သူများတွေလည်း ဒီလိုပဲ သွားနေကြတာပဲ၊ အေးဂျင့်စရိတ်နဲ့ သွား၊ နောက်မှ လစာထဲက ပြန်ဖြတ်တာ"

"ငါ အဲ့ဒီကိစ္စ ပြောနေတာမဟုတ်ဘူး၊ နင့်ပုံစံနင့်အနေအထား နဲ့ မဖြစ်နိုင်ဘူး ထွေးခင်"

"ဟား. . . သူများတွေတောင် လုပ်နိုင်တာ၊ ငါ ဘာလို့ မလုပ် နိုင်ရမှာလဲ"

"ကောင်းပြီ. . . သူများတွေလည်း ဘယ်သူ့ကျွန်မှမခံဘဲ ကိုယ့် တိုင်းပြည်ထဲမှာပဲ သင့်တော်ရာအလုပ်လုပ်နေကြတာ၊ နင် ဘာလို့ မလုပ်နိုင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်. . . ငါ ပြည်တွင်းမှာ နေချင်စိတ်ကိုမရှိတော့တာ"

"ဘာကြောင့်လဲ"

ယဉ်ဌေး လွှတ်ခနဲမေးမိပြီးမှ နောင်တရသွားသလို အတော်မအီမလည်နဲ့ ကော်ဖီငုံသောက်တယ်။ ထွေးခင် ဒဲ့သာဖြေချလိုက်ရင်ဆိုတဲ့ စိုးရိမ်စိတ်ကလည်း ရှိနေတော့ကာ သူ့မေးခွန်းကို စကားလမ်းလွှဲပြီး ပြန်ရုတ်သိမ်းဖို့ စဉ်းစားနေခိုက်မှာပဲ. . .

"ပွင့်ပွင့်လင်းလင်းပြောရရင် နင့်ဘေးမှာ တစ်ခြားမိန်းကလေးရှိနေတာကို ငါမမြင်ချင်ဘူး ယဉ်ဌေး၊ ဒါပေမယ့် ဒါ နင့်အခွင့်အရေးပဲ၊ ငါ တားပိုင်ခွင့်မှ မရှိတာ၊ ဟုတ်တယ်မဟုတ်လား"

ဘုရား. . . ဘုရား. . .။ ယဉ်ဌေးစိတ်ထဲကနေ ဘုရားတပြီးထွေးခင်ကို လန့်ဖျပ်မော့အကြည့် တောက်ပလွန်းတဲ့ ထွေးခင်ရဲ့မျက်လုံးအကြည့်တွေရှေ့ မှောက်လျက်လဲကျပြီး ဝရုန်းသုန်းကား ပြန်ထပြေးသလို အပြင်ဖက်ကပျာကသီ အကြည့်လွှဲပစ်ရတယ်။ တကယ်တော့ဒုတိယနှစ် အနီးကပ်တက်တဲ့ရက်တွေထဲက ထွေးခင်ရဲ့စိတ်ရင်းကို သူသိခဲ့တာလို့ အခုမှဝန်ခံရင်နောက်မကျဘူး မဟုတ်လား။ ခက်တာကသူမချစ်ဘူး။ ဒီမိန်းကလေးကို သူ့နှမ ဒါမှမဟုတ် သူငယ်ချင်းဆိုတဲ့စိတ်ထက် ပြောင်းလဲပြီး ဆက်ဆံကြည့်ဖို့ သူ ဘယ်တုန်းကမှ မတွေးမိခဲ့သလို သတိလည်းမရဘူး။ အဲဒီတုန်းက သူနဲ့ရှိုးနံ့ပါတ်ချင်းကပ်လျက်က





သီတာဆွေနဲ့ ပတ်သက်ပြီး ထွေးခင်ရဲ့ အူတိုမှုက ပြောင်ကျကျကို ဖွင့်ထုတ်ပစ်လို့ သူသိလိုက်ရတာပါ။

ဖြစ်ပုံက ဒီလိုကိုယ့်ဆရာရဲ့။

အဲဒီနေ့က. . . သူ ကျောင်းကို စောစောရောက်သွားပြီး ကင်(န်)တင်းမှာ တစ်ယောက်တည်းထိုင်နေတဲ့အချိန် သီတာဆွေတို့အုပ်စုရောက်လာပြီး သီတာဆွေက ကျူရှင်ကရလာတဲ့ အဖြေပုံစံတွေလာပေးတယ်။ အမှန်တော့ သူတောင်းထားတာပါ။ နင်ရရင် ငါ့ကိုခဏပေး မိတ္တူဆွဲပြီး ပြန်ပေးမယ်လို့ပြောထားတာကိုး။ အဲ့ဒါကြောင့်လာပေးရင်း ခဏလေးထိုင်စကားပြောဖြစ်ကြတယ်။ ဒါလည်းမေဂျာဘာသာရပ်နဲ့ပတ်သက်ပြီး သီတာဆွေ မရှင်းတာလေးတွေ မေးလို့ဖြေပေးနေတာ။ တစ်ခြား ဘာအကြောင်းမှတောင် မပါဘူး။ အဲ့ဒီအချိန်မှာပဲ ထွေးခင်ရောက်လာပြီး ဝင်ထိုင်တယ်၊ ထိုင်ပြီးတာနဲ့ သီတာဆွေကိုဘာပြောတယ်မှတ်လဲ။

"ဟဲ့. . . အသီးစားချင်ရင် အပင်စိုက်ရတယ်၊ ငါက သူများစိုက်ပြီးသားအပင်လည်း မျက်စောင်းမထိုးဘူး၊ ငါစိုက်ထားတဲ့အပင်ကိုလည်း လာမထိနဲ့သိလား" တဲ့။

အဲ့ဒါပဲ ကိုယ့်ဆရာရေ။ သီတာဆွေဆိုတာ မျက်နှာကြီးကို နီတွတ်လာပြီး မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျ အသားတွေ ဖိုးဖိုးတော်ဇတ်


www.burmeseclassic.com

www.burmeseclassic.com

နဲ့ ထကိုပြေးတော့တာလေ။

ရုတ်တရက်မို့ ယဉ်ငွေး ခမျာလည်း အူကြောင်ကြောင်။ သီတာဆွေ့ သူငယ်ချင်းအုပ်စုကလည်း မခံမရပ်နိုင်ဖြစ်ပြီး ဟဲ့. . . ဘာဖြစ်ကြတာလဲလို့လာမေးတော့ သူဘာမှမဖြေတတ်။ ထွေးခင်ကတော့ သိတဲ့အတိုင်း ဆတ်ဆတ်ကြဲ စိတ်နဲ့ခုံဆွဲပြီး "မေးမနေနဲ့ မကျေနပ်ရင်လာစမ်း ရှေ့တိုးစမ်း" ဆိုပြီး စိန်ခေါ်နေလို့ ယဉ်ငွေးခမျာ ထွေးခင်ကို ဆွဲပြေးရတဲ့အဖြစ် အဲသလို. . . အဲ့သလိုပါ။

အဲ့ဒီနောက်တော့ ယဉ်ငွေးလည်း အတော်ဆင်ခြင်လိုက်ရတယ်ခင်ဗျ။ ထွေးခင်ကို ကြောက်လို့တော့မဟုတ်ဘူး။ ပြဿနာဖြစ်မှာစိုးလို့။ တစ်ကြောင်းကလည်း ပြောပြခဲ့တဲ့အတိုင်း ထောက်ထားစရာတွေက ရှိနေတယ်မဟုတ်လား။ အဲ့ဒါနဲ့ပဲ ဒီအခြေအနေထိဆိုပါတော့။ ခုတော့ သူ့စိတ်ထဲ တကယ်ရောက်နေတဲ့ ယွန်းဝတီနဲ့ ပတ်သက်လာတော့ သူလည်း ထွေးခင်ဆိုတာကို မေ့သွားတယ်။ သတိထားစရာလို့တောင် မမြင်တော့ဘဲ မေ့ကိုမေ့သွားတာပါ။

"ဟဲ့. . . ငါမေးတာဖြေဦးလေ"

ယဉ်ငွေး အဝေးကြည့်နဲ့ အတွေးရှိသမျှကျယ်နေတုန်း ထွေးခင်စကားသံနဲ့ ထွေးခင်မျက်လုံးတွေရှေ့ ဒုတိယအကြိမ် မှောက်လျက်လဲရပြန်တယ်။ ဒီတစ်ခါ ပြန်မထတော့ဘဲ. . .





"နင်. . . နင်. . . ဘာမေးတာလဲ"

"ကျွတ်. . . နင် တခြားကောင်မတွေနဲ့ တွဲနေတာကို ငါ တားပိုင်ခွင့်ရှိသလားလို့မေးတာ"

"အာ. . . အဲဒါတော့ ဟာ. . . နင်နဲ့. . . ငါက. . ."

ယဉ်ငွေး စကားမဆုံး . . .

"ငါမနေချင်တော့ဘူးဆိုတာ အဲ့ဒါပါပဲ ယဉ်ငွေးရယ်၊ မဟုတ်ဘူးဆိုရင်တောင် ငါ နင့်ဘေးမှာရှိခဲ့တာ လေးနှစ်နီးပါးပါ။ အခုမှ ဖယ်ပေးရမယ်ဆိုတော့"

ထွေးခင်လည်း စကားမဆုံးပါဘူး။ မဆုံးတဲ့အသံကိုတောင် အဖျားဆွတ်တုန်ခါပြီး ပြတ်ထွက် မျက်လုံးဝိုင်းကြီးထဲ မျက်ရည်တွေလည်းဝိုင်းဒ နှုတ်ခမ်းထူအိအိတွေပါ အတင်းစေ့ပြီး ရင်ထဲဆို့လှိုက်မှုကို အတင်းမြို သိပ်နေရသမျိုး ဖြစ်လာလို့ ယဉ်ငွေးတောင် ပျော့ချင်ချင်ဖြစ်သွားပါတယ်။

မရဘူးကိုယ့်ဆရာရဲ့။ ယောကျ်ားတွေရဲ့ အားနည်းချက်က အဲ့ဒါပဲ။ မိန်းကလေးတွေရဲ့ အဲ့ဒီလက်နက်ကလည်း တကယ်ကို ထိချက်ကောင်း ပြင်းအားလည်းကြီးတာပါ။ ဒါကို တစ်ချို့ဆရာတွေက မာယာဘာညာ ပြောတတ်ကြပါတယ်။ သို့သော်လည်း စရိုက် အထားအသို တော့ကွာတာပေါ့လေ။ ယဉ်ငွေးရှေ့ ငုတ်တုတ်ရောက်နေတဲ့ ထွေးခင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လုံးဝအမှန်ဗျ။ ဒီကောင်မလေးက တကယ်ခိုက်နေတာ ကိုရီးယား စရိုက်နဲ့သာဆို ဒီနေရာမှာ ပွဲပြီးနေပြီ။

အိုပါ့. . . ဆာဒါနီ. . . ဟာ ဂွတ်သွားပြီ၊ ဒါက မြန်မာမိန်းကလေးလေဗျာ၊ ဘယ်လောက်ပဲ ပွင့်လင်းရဲရင့်တယ်ထားဦးတော့ ယောက်ျားတစ်ယောက်ကို မိန်းမတန်မဲ့ ကိုယ်ကစပြီး ချစ်တယ်လို့ ဘယ်တော့မှ မပြောဘူးဗျ။ အသေပဲခံလိုက်မှာ၊ ဟဲဟဲဟဲ ကိုယ့်ဆရာကြားတယ်မဟုတ်လား။ ကောင်မလေးတွေ လက်ခုပ်တီးကုန်ပြီ။

ကိုင်း. . . အဲ့ဒါထား၊ ဒီပွဲမှာ ယဉ်ဌေး အကြီးအကျယ်ဒုက္ခရောက်သွားပြီ။ ယွန်းဝတီကို သူ့ဘက်က တကယ်ကို မြင်မြင်ချင်း ချစ်သွားတာ ဘုရားစူး၊ ဒါပေမယ့် ဒီကိစ္စက ကိုယ့်ဘက်က ဖိတ်စာတစ်ခြမ်းရိုက်တဲ့ကိစ္စ၊ ဟိုဘက် ဒီလိုပန်းသည် အနုတ်စုတ်ဂုတ်စုတ်ကို စိတ်ကူးထဲတောင်ထည့်ပါ့မလားမသိဘူး။ အဲ့ဒါကြီးမျှော်ပြီး ဒါကြီး ပစ်ထုတ်ရရင်လည်း အခက်။ ဒါကြီးကို ချစ်တော့မချစ်ဘူး။ ဒါပေမယ့် ခုလို မျက်ရည်တွေ ခံစားမှုတွေနဲ့ ကိုယ့်ဘဝကိုယ်တောင် စေလိုရာစေဖို့ လုပ်လွှတ်နေတော့ သနားမိတယ်ခင်ဗျ။

တကယ်က ထွေးခင်လည်း မဆိုးပါဘူး။ ယွန်းဝတီလောက် ရွှေပေါ်မြတင် အလှဘုရင်လို့ မဆိုသာမယ့် ရှက်ကြမ်းရည်ကျိုထက် အပုံကြီးသာတဲ့ အလှတရားမျိုးတွေရှိပါတယ်။ ကျောက်ခင်းလမ်းပေါ် စက်ဘီးစီးတဲ့စကားမျိုး မပြောဘဲ ကွန်ကရစ်လမ်းပေါ် ကားမောင်းတဲ့အသံမျိုးသာပြောရင် ယဉ်ဌေး စိတ်တံခါးကို ဖွင့်သွားနိုင်လောက်စရာပါ။

"တစ်ခုတော့ရှိတယ်။ ထွေးခင် နှင် ငါ့ကို တားပိုင်ခွင့်ရှိမရှိဆိုတာ ငါမသိပေမယ့် နင့်ကိုတော့ ငါတားမယ်၊ လုံးဝ သဘောမတူဘူးဟာ၊ စက်ာပူအိမ်ဖော်ပဲလုပ်လုပ် ယိုးဒယားအိမ်ဖော်ပဲလုပ်လုပ် နင့်အလှတရားကို ဝါးစားချင်တဲ့လူနဲ့ မတွေ့နိုင်ပါဘူးလို့ ဘယ် အေဂျင့်ကမှ အာမ မခံဘူး၊ တာဝန်ယူတယ်လို့ပြောလည်း ဖြစ်ပြီးမှ လျော်ကြေးဒါမှမဟုတ် တရားစွဲတာ ဒါပဲရမယ်၊ ကိုယ်ကတော့ ခံလိုက်ရပြီ၊ ဒီအလုပ်ကြောင့် လူမသိသူမသိ ဒူးနဲ့မျက်ရည်သုတ်နေရတဲ့ မိန်းကလေးတွေ တစ်ပုံကြီး၊ ဘာကြောင့်လဲ၊ ရှက်တယ်၊ ရှက်လို့ လူသိမခံဝံ့ဘူး၊ လူတော့ မသိလိုက်ဘူး၊ ကိုယ်ကတော့ ဘဝဆုံးသွားပြီ၊ ကိုယ့်မြေကိုယ့်ရေမှာတောင် ကိုယ့်ကာယကြွေ လုံခြုံဖို့အတွက် ဂရုစိုက်နေရတာ၊ သူများမြေသူများလက်ထဲ ဒါပဲလားလို့ မမေးတာဘဲ တော်လှပြီ၊ နင် ပညာတတ်ပါ ထွေးခင်၊ Psychology မှာမေးခွန်းတစ်ခုရှိတယ်။ သက်ရှိဘဝ၏ တန်ဖိုး၊ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး သို့မဟုတ် တစ်ခုတစ်မျိုးခြင်းစီ၏ တန်ဖိုးအား တစ်စုံတစ်ရာနှင့် တိုင်းတာချိန်မျှ၍ ရကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်၏တန်ဖိုးကား အဘယ်နည်း။ အဲ့ဒါကို နင်ဖြေခဲ့ဖူးတယ်။ စိတ်ခံစားမှုရဲ့ တန်ဖိုး၊ ပိုင်ဆိုင်မှု၊ အရေအတွက်တူ ချိန်ညီမှု၊ ဆုံးရှုံးမှုအတွက် ထပ်တူပြန်ရမှု၊ ညီမျှမှုဆိုတာ ဘယ်သောအခါမှ အခြေတူ အဖြေတူ ပြန်မရနိုင်ဘူးဆိုတာ နင်သိတယ်။ အဲ့ဒါနဲ့များ စိတ်ကိုညှင်းပန်းဖို့ နင်ကြိုးစားဦးမတဲ့လား"

သူစကားဖြတ်ပြီးလှည့်ကြည့်တော့ ထွေးခင်ရဲ့မျက်ရည်တွေကို ချောင်းရေအလျှင်လို မြင်လိုက်ရတယ်။ သူလည်း ရင်တစ်ခုလုံး မွန်းကျပ်ဆို့ကျင်နေပြီး မျှတတဲ့စိတ်တစ်ခုကို ပြိုလဲမသွားအောင် ထိန်းချုပ်လိုက်တယ်။

"နင် သေချာစဉ်းစားပါဦးဟာ၊ နိုင်ငံခြားအိမ်ဖော်အလုပ်က နောင်နှစ်ပေါင်းရာနဲ့ချီလည်း ဒီအတိုင်းရှိနေဦးမှာပဲ။ ဒါပေမယ့် နင့်ဆုံးဖြတ်ချက်ရဲ့ ရလဒ်ကတော့ မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်းမှာ ဖြစ်ပျက်သွားလိမ့်မယ်၊ အဲ့ဒီအခါမှာ နင့်ဘဝက အကောင်းပကတိ ရှိချင်မှရှိမယ်၊ ဘယ်ဟာ သေချာသလဲဆိုတာ ရွေးပါဦး သူငယ်ချင်းရာ၊ ငါ့မှာ ချစ်ရတဲ့သူသာမရှိရင် နင်က ငါ့ရဲ့ အခင်ဆုံးအချစ်ဆုံး သူငယ်ချင်းပဲ၊ ဒါကြောင့် ငါမဆုံးရှုံးပါရစေနဲ့၊ ကဲ ငါပြန်တော့မယ်"

ယဉ်ဌေး စကားဖြတ်ပြီး စားပွဲထိုးကောင်လေးလှမ်းခေါ်ကာ ပိုက်ဆံရှင်းလိုက်တယ်။ အဲ့ဒီနောက်တော့ ထွေးခင်ရဲ့ စိတ်ကူးနဲ့ဆန္ဒကို





အကဲခတ်လိုတဲ့သဘောနဲ့ ခပ်မှုန်မှုန် ဆက်ထိုင်နေခိုက်မှာပဲ ထွေးခင်ဆိုင်ထဲကနေ ထထွက်သွားပါတယ်။ အိမ်ပြန်တာမဟုတ်ဘဲ ကားမှတ်တိုင်ရှိရာ ဦးတည်လျှောက်သွားတဲ့အတွက် ယဉ်ဌေးလည်း ပင့်သက်ချပြီး ခုံကနေ ထရပ်လိုက်တယ်။

ငါ နင့်ကို ခင်ပါတယ် ထွေးခင်ရာ . . .

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

မနက်ကတည်းက တွေးခင်ကြောင့် လေးလံနေတဲ့စိတ်က သင်တန်းချိန်အထိ လိုက်ပါလာပြီး မှုန်ထုံနေကာမှ သင်ရတဲ့ဘာသာစကားရဲ့ အဓိပ္ပါယ်ကလည်း ပိုပြီး ရှုပ်ထွေးလာတယ်။ အဲ့ဒါကြောင့် ယဉ်ဒွေး သင်တန်းချိန်ပြည့်အောင် မထိုင်နိုင်တော့ဘဲ စောပြီး ထွက်လာခဲ့တယ်။

"ဟင် နာရီဝက်တောင် လိုသေးတယ်လေ"

လှည့်ကြည့်လိုက်တော့ ဓမ္မာရုံအပြင်ဘက် စကြံလမ်းဝရံတာမှာ မှီပြီးရပ်နေတဲ့ ယွန်းဝတီကိုမြင်မှ ယဉ်ဒွေး စိတ်တွေ လင်းခနဲ ဖြစ်ကုန်တယ်။

"ဟာ. . . ဝတီပါလား"





"ဟုတ်တယ်. . . ရှင်နဲ့တွေ့ရအောင်လေ. . ."

"ဒါများ ဝတီရာ၊ ဟိုအန်တီနဲ့ ဈေးဝယ်လိုက်လာရင်လည်း တွေ့တာပဲဟာ"

ဒါကတော့ ယဉ်ဒွေးရဲ့ ပဋိသန္ဓာရစကားပါ။ တကယ့်စိတ်ရင်းထဲမှာတော့ ဒီလိုလာစောင့်ပြီး တွေ့တာကိုပဲ အသေအလဲ ဝမ်းသာနေတာလေ။

"မနက် ကျွန်မ ဈေးကိုရောက်တယ်၊ ရှင် ဆိုင်သိမ်းသွားပြီလေ"

"ဪ. . . ဟုတ်သားပဲ"

"အပြင်ထွက်ကြရအောင်၊ တစ်ခုခုသောက်ရင်းပေါ့"

"ကျွန်မ ကားပါတယ်၊ နောက်တစ်ခုက ဖေဖေနဲ့ဒေါ်ကေသီက ရှင့်ကို တွေ့ချင်နေကြတယ်"

"ဗျာ. . . ဘာအတွက်တုန်း"

"အဲ့ဒါတော့ ကျွန်မ ဘယ်သိမလဲ၊ အခု အချိန်ရရဲ့လား"

"အား. . . ရပါတယ်"

"ဒါဆို အိမ်ကိုသွားကြမယ်လေ၊ ဖေဖေတို့ စောင့်နေကြတယ်"

"အင်း. . . သွားလေ"

ယဉ်ဒွေး လိုက်လာရင်းက စဉ်းစားတယ်၊ ဘာအတွက်တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com


တာလဲဆိုတာပါ။ ရုပ်ရှင်ထဲမှာတော့ မိဘက သမီးဖြစ်သူချစ်သူကို ခေါ်တွေ့ပြီး အကဲခတ်တာမျိုးတွေ ဘာတွေရှိတယ်မဟုတ်လား၊ ယဉ်ဒွေးရဲ့အတွေးထဲမှာတော့ အဲ့သလို ရုပ်ရှင်ပြကွက်မျိုး လုံးဝမဖြစ်နိုင်မှန်း သိလို့ လုံးဝကို မတွေးတာပါ။ သူတွေးတာတစ်ခုပဲ။ အဲ့ဒီနေ့က နတ်ပွဲကို သောင်းကျန်းမိလို့များ။ဒါလည်းမဖြစ်နိုင်။ ဟုတ်ခဲ့ရင်တောင် ယွန်းဝတီ ကြိုသိနေမှာပဲလေ။ အခုဟာက သူတွေးသာတွေးတာ။ ဘာမှ တောင်စဉ်ရေမရဖြစ်နေလို့ ယွန်းဝတီ ကားမောင်းထွက်လာမှ . . .

“ဝတီ. . . မသိနိုင်ဘူးလား”

“ရှင်. . . ”

“ဟိုလေ. . . အန်ကယ်တို့က ဘာအတွက် တွေ့ချင်တာလဲဆိုတာပါ”

ယွန်းဝတီပြုံးတယ်။ ပြီးမှ. . .

“အမှန်တော့ ဖေဖေက ရှင့်ကို ကျေးဇူးတင်ချင်တဲ့သဘောပါ”

“ဗျာ. . . ဘာကြောင့်လဲ”

“ကျွန်မနဲ့ ဒေါ်ကေသီတို့ အဆင်ပြေသွားတာကို ဖေဖေ အံ့အားသင့်နေတာလေ၊ ဒေါ်ကေသီလည်း ပြောချင်ပြောမှာပေါ့။ ဝန်ခံရရင် ကျွန်မတို့နှစ်ယောက်ရဲ့ အတွင်းကြေ ကြေနေတဲ့ပြဿနာကို ဖေဖေ ရိပ်မိနေတာကြာပါပြီ။ ဒါပေမယ့် ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ မတူညီတဲ့နှစ်ခုကြားမှာ ဖေဖေဝင်ရခက်နေတယ်။ အဲ့ဒါကို မမျှော်လင့်ဘဲ ရှင့်ရဲ့ ကြိုးစားပေးမှုက ဒေါ်ကေသီ့ကို အတွေးအမြင်မှန်စေခဲ့တယ်”

“ကျွန်တော့်စကားတစ်ခွန်းက အဲ့သလောက် ခရီးရောက်ပါ့မလား ဝတီ”

“ရှင်က ခဲတစ်လုံးနဲ့စာနှစ်ကောင် ထိအောင် ပစ်ခဲ့တာလေ၊ ကျွန်မကိုယ်တိုင် ရှင့်စကားကြောင့် အတွေးများခဲ့ရတယ်။ ကိုယ်က ဘာကို လိုချင်တာလဲဆိုတာကိုလည်း တွေးနိုင်လာတယ်”

“ဟာဗျာ. . . ကျွန်တော် အဲ့သလောက် မမျှော်လင့်ဘူးနော်”

“ဟုတ်ပါတယ်၊ ဒါပေမယ့် အရမ်းကောင်းတယ်၊ လိုချင်နေသရွေ့ ဘယ်တော့မှ မပြည့်စုံဘူးဆိုတာ ဥပမာ ကျွန်မပေါ့နော်၊ တစ်ဦးတည်းသောသမီးလည်းဖြစ်၊ ဖေဖေကလည်း တတ်နိုင်တော့ ကျွန်မ လိုချင်တာမှန်သမျှ ရခဲ့ပါတယ်။ အခုလည်း ဒီကားက ကျွန်မလိုချင်တယ်ဆိုလို့ ဖေဖေဝယ်ပေးတာလေ။ ကြွားတာမဟုတ်ဘူးနော်၊ ပြောပြချင်တာက အခု ဒီကားရမှ ရှင်ပြောခဲ့ဖူးတဲ့စကားနဲ့ စပ်ဆိုင်ပြီး တွေးကြည့်တယ်၊ ပြီးတော့ ကိုယ့်ဘာသာ မေးခွန်းထုတ်ပြီး အံ့ဩရတယ်၊ ဟိုငယ်ငယ်လေးတည်းက ပစ္စည်းတွေ ကစားစရာတွေ အဝတ်အထည်တွေ၊ အလှပြင်ပစ္စည်း တွေ၊ အသုံးအဆောင် အို အားလုံးပါပဲ။ မြင်ရင် လိုချင်တယ်၊ ရလာ တော့လည်း မကျေနပ်နိုင်ဘူး၊ ထပ်ပြီး လိုအပ်တယ်။ ထပ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရတယ်။ ရပြီးလည်း စိတ်ထဲမှာ မပြည့်စုံနိုင်ဘူး။ အစတုန်းက ကိုယ့်စိတ်ထဲ မှာ ဒါလေးရလိုက်ရင် အရမ်းပျော်မှာပဲလို့ထင်တာ၊ တကယ်ရလာတော့ ဒီလောက်လည်း မဟုတ်ပြန်ဘူး၊ တစ်ခါတစ်လေ ကိုယ့်စိတ်က ဘာကို လိုချင်တာလဲလို့တောင် ရူးကြောင်ကြောင် ပြန်မေးရတဲ့အထိပဲ၊ အခု လည်း ငါ့မှာ ကားရှိရင် တော်တော် အဆင်ပြေ မယ်လို့တွေးပြီး ဝယ်ပေး ဖို့ ဖေဖေ့ကိုပြောထားတယ်၊ ဝယ်ပေးလို့ ရလာတော့လည်း မရခင်က မျှော်လင့်ထားသလောက် ကျေနပ်မှုမျိုး မဟုတ်ပြန်ဘူးလေ၊ ပိုဆိုးတာက ဘေးမှာ ရှင်ရောက်နေပြီး ကျွန်မကို ထိုင်ပြီး သရော်နေသလို ရှင်ပြောတဲ့ စကားပြန်ပြန်ကြားနေရတာပဲ သိလား"

"ဟုတ်ရဲ့လား ဝတီရာ"

"As you want more, you cannot finish your wishes"

"အဟတ်ဟတ်. . . ဝတီ တကယ်မှတ်မိနေတာပဲ"

"ဆိုတော့လေ. . . ကျွန်မ ဘာကိုလိုအပ်တာလဲ၊ ဘာကိုလိုချင်တာလဲ၊ ဘယ်လိုမှ စိတ်ရဲ့အလိုဆန္ဒအားလုံး Complete ဖြစ်မလဲဆိုတဲ့ မေးခွန်းနဲ့ ကျွန်မ အတော်အီစိမ့်သွားတယ်။ ဒါပေမယ့် ရှင်တော်ပါ တယ်၊ အဖြေပါပေးခဲ့တယ်၊ If you want no more your life will be perfect တဲ့၊ သိပ်ကို ကျေနပ်စရာကောင်းတဲ့အဖြေလေ၊ ဘာမှ မလို





အပ် တော့ဘူးဆိုရင် ဘဝဟာ ပြီးပြည့်စုံလာတယ်တဲ့၊ ဟုတ်ပ့ါမလား လို့ ကျွန်မ စိတ်ကို စစ်ကြည့်မိတယ်၊ ပထမဦးဆုံး စိတ်ထဲမှာ အမြဲ တမ်း ထော်လော် ကန့်လန့်ဖြစ်နေတဲ့ ဒေါ်ကေသီကို လွှတ်ပေးလိုက် တယ်။

သူ့သဘောသူ့ဆန္ဒအတိုင်း သူဖြစ်ချင်သလိုသာ ဖြစ်ပါစေ တော့။ သူ့ကိုမမြင်ရဘို့ ငါလိုအပ်တယ်။ သူ့ကို ပိုင်ဆိုင်မှု တစ်ဝက်အပြင် တစ်စက်တောင်မပိုစေရ၊ ဖြစ်နိုင်ရင် ဖေဖေနဲ့ လမ်းခွဲလိုက်တာပဲ မြင် ချင်တယ်ဆိုတဲ့ စိတ်ရဲ့လိုအင်အားလုံး လျှော့ချပြီး နေကြည့်လိုက်တယ်။ အစပိုင်းတော့ ခက်ပေမယ့် နောက်ပိုင်းတော့ အတော်လေး နေသာ ထိုင်သာရှိလာတယ်။ သူနဲ့စကားပြော ဆက်ဆံရတဲ့အခါ အရင်လို တင်းကြပ်တာမျိုးမရှိတော့ဘဲ လွတ်လပ်ပေ့ါပါးလာတယ်။ အံ့ဩစရာက ကျွန်မတစ်ယောက်တည်းတင် မဟုတ်ဘူး၊ ဒေါ်ကေသီ ကိုယ်တိုင် ပြောင်းလဲသွားတယ်၊ အနေအထိုင် အပြောအဆိုအားလုံး ဒေါ်ကေသီမှ ဟုတ်ရဲ့လားလို့တောင် သံသယဖြစ်စရာပဲ၊ မနှစ်ကတည်းက ကျွန်မကို ကားဝယ်ပေးတာ သူဝင်ကလန့်နေတာနဲ့ ကျွန်မ မရတာလေ။ ခုတော့ သူကပဲ တိုက်တိုက်တွန်းတွန်းပြောလာလို့ ဝယ်ဖြစ်တာ၊ အဲ့ဒီအပြင်ကို အမွေခံ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ကျွန်မဆန္ဒကို အဓိကထားဖို့အထိ သူ့ဘက်က လျှော့ပေါ့လာတဲ့အတွက် ဖေဖေလည်း အံ့အားသင့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့"

"ကျွန်တော်လည်း အဲ့ဒါကြောင့် 'ပန်းသည်' ဘဝကနေ ပြောင်းနိုင်ပါ့မလားလို့တောင် တွေးမိတယ်"

"ဘာဖြစ်လို့လဲဟင်"

"အရောင်းအဝယ်ဆိုတာကတော့ နိုင်ငံတကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုကနေ ရေခဲရေရောင်းတဲ့အထိ လုပ်ငန်းအကြီးအသေးပဲကွာမယ်၊ အလုပ်သဘောကတော့ အတူတူပါပဲ၊ အမြတ်အစွန်းအတွက် ရောင်းကြတယ်၊ ကျွန်တော် ပန်းအလှပြင်ဆိုင် အလှပန်းရောင်းတဲ့ဆိုင်တွေကို သဘောကျတယ်၊ နောက်ထပ် လုပ်ငန်းတစ်ခုပြောင်းရင်တောင် ပန်းအလှပြင်ဆိုင်ဖွင့်ဖို့ စိတ်ကူးမိတယ်။ အရောင်းအဝယ်သဘောကြောင့် အမြတ်အစွန်းတစ်ခု ရလိုက်တာထက် လူ့ရဲ့စိတ်သဏ္ဍာန်မှာ ပန်းတစ်ပွင့်က နှစ်သိမ့်ပေးလိုက်နိုင် တဲ့ ကြည်နူးမှု၊ ပန်းဝယ်နေတဲ့အချိန်အခိုက်အတန့်လေးမှာပဲ ပန်းစိတ်ကူး လေးနဲ့ သိမ်မွေ့နေတတ်တဲ့ စိတ်ကို မြင်ရတာဟာ ကျေနပ်စရာပါဝတီ လူဟာအိပ်ချိန်လေးတောင် လောဘ၊ ဒေါသ၊ မောဟစိတ်နဲ့ပဲ အိပ်ကြရတာ၊ လူတစ်ယောက်ရဲ့မျက်နှာပေါ်မှာ ဘယ်လို အရေးအကြောင်းမှ ဖုံးလွှမ်းမနေဘဲ ပကတိ ကြည်စင်တဲ့အမူအရာမျိုးကို ရှာတွေ့ဖို့ဆိုတာ ရှားလေဘိခြင်းနှယ်၊ အဲ့ဒီရှားပါးတဲ့ပကတိ ကြည်လင်





မှုကို ပန်းလာဝယ်တဲ့အချိန်ခဏလေးမှာပဲ တွေ့ရမြင်ရတာလေ၊ အဲ့ဒါကို ကျွန်တော်အမြတ်မ်း ခံမင်နေမိတယ်။ ရိုးရှင်း သိမ်မွေ့တဲ့လူ့လောကကြီးကို မြင်ဖူးချင်ရင် ပန်းသည် လုပ်မှပဲ မြင်ရမှာဆိုတော့ ကျွန်တော် ဒီအလုပ်ကို လက်လွှတ်နိုင်ပါ့မလားလို့ပါ။"

"အဟင်းဟင်း. . . ရှင်ပြောမှပဲ ကျွန်မတောင် ပန်းရောင်းချင်စိတ် ဖြစ်လာပြီ၊ အခစ်ခစ်ခစ်. . . ဒါပေမယ့် ကျွန်မ လက်ခံပါတယ်၊ ဝှဒ့်ဘတ်နဲ့တူတဲ့ ရှင့်ပုံစံက ဒီစိတ်မျိုးကို မက်မောတယ်ဆိုတာလေ"

"အာ. . . လုပ်ပြီ. . . လုပ်ပြီ. . . "

ပြီးတော့ရယ်ကြတယ်။ သူမတို့ အိမ်ခြံဝင်းကြီးရှေ့ကိုလည်း ရောက်လာတဲ့အတွက် စကားဖြတ်လိုက်ကြတယ်။ ခြံစောင့်လို့ထင်ရတဲ့ ဦးလေးကြီးတစ်ယောက် တံခါးလာဖွင့်ပေးလို့ သူမ ကျွမ်းကျင်စွာပဲ ဘီးလိမ့်ဝင်လာခဲ့တော့တယ်။

ယဉ်ဒွေး ဒီလိုဖြစ်သွားတာ ကိုယ့်ဆရာယုံမလားမသိဘူး၊ ယုံအောင် ရေးပြနေတာတော့မဟုတ်ဘူး။ ဒီအဖြစ်မျိုး တကယ်ရှိတယ် ခင်ဗျ။ ဒါကြောင့် လူ့သဘော သကာရဆိုတာ အင်မတန် စောကြောရခက်တယ်လို့ ပြောတာ။ နည်းနည်းကြီးကြီးကျယ်ကျယ်ပြောရရင် အာသောကလို စစ်ဘုရင်ကြီးတောင် အရှူးမတစ်ယောက်ရဲ့စကားနဲ့ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲပြုပြင်မှုတွေ ဖြစ်လာတယ်ဆိုရင် ယွန်းတော်



www.burmeseclassic.com

www.burmeseclassic.com



တို့လို သာမန်လူချမ်းသာမိသားစုက ပန်းသည်လေး ယဉ်ငွေးရဲ့ စကား တစ်ခွန်းနဲ့ အပြောင်းအလဲဖြစ်ထိုက်တယ်မဟုတ်လား။ မယုံမရှိနဲ့ ကိုယ့် ဆရာရေ အဲ့ဒါတွေအားလုံး တကယ့်အဖြစ်မှန်တွေချည်းပဲ။

"ဟဲ့. . . ဘုရင်ကောင်ရဲ့၊ နင်ဒီလောက် လောဘဇောတိုက်ပြီး တိုင်းပြည်တွေ တစ်ပြည်ပြီးတစ်ပြည် လိုက်တိုက်ခိုက် သိမ်းပိုက်နေရ အောင် နင်က ခုတင်ဘယ်နှစ်လုံးနဲ့ အိပ်မှာမို့လို့လဲ၊ တစ်နေ့ ထမင်း ဘယ်နှစ်နပ်စားမှာမို့လို့လဲ" ဆိုတဲ့ အရှူးစကားက အာသောကဘုရင် နှလုံးသည်းပွတ်ကို ဆုပ်ညှစ်ခံလိုက်ရသလိုပဲ။ လိုချင်နေသရွေ့ ဘယ် တော့မှ မပြည့်စုံဘူး။ ဘာမှ မလိုချင်တော့မှပဲ ဘဝဟာ ပြည့်စုံလာတယ်" ဆိုတဲ့ ယဉ်ငွေးစကားက ယွန်းဝတီကိုရော ဒေါ်ကေသီကိုပါ အသိ ဉာဏ်အလင်းတစ်ပွင့် ဖြစ်စေခဲ့တယ်ဆိုရင် သံသယဖြစ်စရာ မရှိတော့ ဘူးပေါ့နော်။

"ဖေဖေ ဒါ သမီးပြောတဲ့ ယဉ်ငွေးဆိုတာ. . ."

"ဧည့်ခန်းဆက်တီဝိုင်းကိုရောက်ရောက်ချင်း သူမ မိတ်ဆက် ပေးတယ်ဆိုရင်ပဲ ပြုံးရွှင်ကြည်လင်နေတဲ့ မျက်နှာနဲ့ ဦးဘဇော် ထရပ် ပြီး လက်ကမ်းပေးတယ်။ ဆိုတော့ကာ ယဉ်ငွေးလည်း အားနာသိမ်ငယ် မှုတွေနဲ့ လက်ဆွဲနှုတ်ဆက်ရင်း. . .

"ကျွန်တော် ယဉ်ငွေးပါခင်ဗျား"





"ဦးဘဇော်ပါကွယ်. . . ယွန်းဝတီရဲ့ဖခင်ပါ. . . ထိုင်ပါ. . . မောင်ယဉ်ငွေး၊ တွေ့ရတာဝမ်းသာပါတယ်"

အဲ့ဒီနောက် ဆက်တီဝိုင်းမှာ အားလုံး ထိုင်လိုက်ကြတယ်။

"အန်တီမြရေ ကော်ဖီနဲ့မုန့် ပြင်ပေးပါဦး"

"အေး. . . လာမယ်သမီးရေ"

အဲ့ဒီနောက် ဒေါ်ကေသီက. . .

"အန်တီတို့မိသားစုရဲ့ နားလည်မှုလွဲနေတဲ့ ပြဿနာဟာ မောင်ယဉ်ငွေးကြောင့် အားလုံး အဆင်ပြေသွားလို့ ကျေးဇူးတင်တဲ့ အကြောင်း ပြောချင်တာရော၊ မင်းအန်ကယ်က တွေ့ချင်တယ်ဆိုတာ ရောပေါ့ကွယ်၊ အဲ့ဒါကြောင့် သမီးနဲ့ ခေါ်ခိုင်းလိုက်တာလေ"

"ဟုတ်ကဲ့. . . ဝတီပြောပါတယ်၊ ကျွန်တော်လည်း မမျှော်လင့် တဲ့ ဝမ်းသာပီတိမျိုး ခံစားရပါတယ်"

"အေးကွာ. . . ဝန်ခံရရင် အန်ကယ့်မှာ အကြီးလေးဆုံး ပြဿ နာကို ပြောပါဆိုရင် မိသားစုရဲ့ အတွင်းကြေပဲကွ တစ်ဖက်က သိပ် ချစ်ရတဲ့သမီး၊ တစ်ဖက်က သိပ်ချစ်ရတဲ့ဇနီး၊ အဲ့ဒီနှစ်ဦးကြားမှာ ညီမျှ ခြင်းချဖို့ အန်ကယ် ဘယ်လိုမှ မတတ်နိုင်ဘဲ ထိုင်ကြည့်ပြီး ကြေကွဲနေ ရတာပါ၊ ခုတော့ အရမ်းအရမ်းကို စိတ်ချမ်းသာသွားတယ်၊ အဲ့ဒါ မင်းရဲ့ ကျေးဇူးပဲ မောင်ယဉ်ငွေး. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . အန်ကယ်. . . ကျွန်တော် အဲ့သလောက် မပင်ပန်းခဲ့ပါဘူး"

"ဒါပေမယ့် အစီပွဲယ်ပြည့်စုံခဲ့တယ်လေ"

"အမှန်တော့ အန်တီတို့ ဝတီတို့က အရာရာပြည့်စုံပြီးသားသူတွေပါ။ ဒါလည်း သူတို့သိပြီးသားပါ၊ အကြောင်းကြောင်းကြောင့် မေ့နေတဲ့အချိန်လေးမှာ တိုက်ဆိုင်ပြီး ကျွန်တော် သတိပေးခွင့်ရလိုက်လို့ သူတို့ သတိရပြီး အဆင်ပြေနိုင်ခဲ့တာပါ၊ ကျွန်တော်ကြောင့်မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ ရှင်ကြောင့်ပဲ တတ်နိုင်ခဲ့တာပါ၊ ဒီကျေးဇူးကိုတော့ ရှင်လက်ခံရလိမ့်မယ်"

"အင်းလေ. . . ထမ်းထားရတာမှမဟုတ်ဘဲ"

"အဟားဟား. . . ဟုတ်တာပေါ့၊ လေးမှမလေးတာ"

ဦးဘဇော် သဘောကျပြီး စကားထောက်ပေးလို့ အားလုံး ပြုံးကြတယ်။

"ကဲ . . . ကော်ဖီလေးသုံးဆောင်ကြပါရှင်"

ဒေါ်မြ ရောက်လာပြီး ကော်ဖီနဲ့ မုန့်တည်ခင်းပေးလို့ ပိုပြီးစည်စည်ဝေဝေဖြစ်လာတယ် အဲ့ဒီနောက်မှ ဒေါ်ကေသီက. . .

"တစ်ခါတည်းဖိတ်ရဦးမယ်၊ ရှေ့အပတ်ထဲမှာ အန်တီနဲ့ဝတီတို့ သီလရှင်ဝတ်ကြပြီး ဖားအောက်တောရမှာ တရားစခန်းဝင်ဖို့ တိုင်ပင်ထားကြတယ်"

ယဉ်ဒွေး အံ့ဩလွန်းလို့ နှုတ်ခမ်းနားရောက်မှ မသောက်ဖြစ်ဘဲ ကော်ဖီပန်းကန် ပြန်ချပြီး. . .

"သာဓုပါ အန်တီရယ်၊ တကယ်ကို မင်္ဂလာရှိတဲ့စကားကို ကြားလိုက်ရတာပါပဲလား၊ ဝတီရော တကယ်ဝတ်မှာလား၊ သီလရှင်ကနေ ပြန်ထွက်လာရင် ကတုံးကြီးနဲ့နော်"

"အစကတော့ စိတ်ကူးမရှိပါဘူး၊ အန်တီက တိုင်ပင်ပြီး အဖော်ညှိနေလို့ စိတ်ပါသွားတာ တစ်ခါမှ မဝတ်ဘူးသေးလို့ ဝတ်ကြည့်ချင်တာလည်းပါတာပေါ့"

"ဒါပေမယ့် ကောင်းပါတယ်၊ ဝတီ ပညတ်သဘောနဲ့ပဲ ပျော်ပိုက်နေကြတဲ့ လောကီနယ်နဲ့ ပရမတ္ထသစ္စာကို မဏ္ဍိုင်ပြုထားတဲ့ လောကုတ္တရာနယ်ဟာ ဘယ်နယ်ကမှ လူဖြစ်ရကျိုးနပ်သလဲဆိုတာ လက်တွေ့နဲ့ သိလာနိုင်တာပေါ့။ သိရင် ပိုပြီးနေတတ်လာ နေပျော်လာတယ်လို့ ဆရာတော်ကြီးတွေ ဆုံးမကြတယ်၊ ကျွန်တော်ကတော့ မလုပ် ဘူးသေးလို့ မသိသေးဘူး၊ ဝတီ လူထွက်လာမှပဲ ပြန်မေးရတော့မှာပဲ"

အဲ့ဒီအခါမှာ ဦးဘဇော်က. . .







www.burmeseclassic.com

www.burmeseclassic.com



"မင်းက မသိဘူးဆိုတာတောင် အတော်သိနေတာပဲကွ၊ လုပ်ပါဦး၊ မင်း သိသလောက်လေး ပြောပါဦးကွ"

"အာ. . . အန်ကယ် ကျွန်တော် တကယ်မသိဘူးနော်၊ ဒီ အသိဒီအလုပ်က တကယ်သိမ်မွေ့နက်ရှိုင်းတယ်၊ ကျွန်တော့်သုတ စမုန်စပါးလောက်နဲ့ ပြောရရင် သေမှာပဲ၊ ဘယ်လောက်ရှာရှာ၊ ဘယ်လောက်စုစုဘယ်လောက်မွဲမွဲ ဘယ်လောက်ချမ်းသာချမ်းသာ ဖြူဖြူမည်းမည်းမွဲမွဲနူနူ သေတာတော့ အတူတူပဲ၊ သေရင် အားလုံး ထားခဲ့ရတာချည်းပဲ။ ဘာမသိညာမသိ လိုချင်တပ်မက်တာတစ်ခုနဲ့တင် အစွဲဖြစ်ပြီး ကံကိုမျက်မှောက်ပြုတဲ့ ဒီရုပ်ဒီနာမ်ဖြစ်လာတယ်။ အသက်မရှူနိုင်တဲ့ အရည်တည်လေး ဖြစ်၊ အဲ့ဒါပျက်ပြီး အသက်ရှူနိုင်တဲ့ ခန္ဓာလေးဖြစ်၊ တစ်ခါပြန်ပျက်၊ မိခင်ဝမ်းကြာတိုက်ကနေ ထွက်လာနိုင်တဲ့ ကလေးငယ်လေးဖြစ်လာ၊ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်တစ်တဲ့။ အခု ကျွန်တော့်ကိုကြည့်ပါဦး၊ ဘယ်မှာကတော့လို့လဲ။ ဒါတွေအားလုံးဟာ နေ့စဉ်နဲ့အမျှဖြစ်လိုက်ပျက်လိုက်နဲ့။ နောက်ဆုံး ဖြစ်စရာမကျန်တော့တဲ့အထိ ဖြစ်ပြီးပျက်သွားတဲ့အချိန်ဟာ သေချိန်ပဲလေ။ သေတော့ရော ဒီရုပ်ခန္ဓာဘယ်မှာ ကြွင်းကျန်လို့လဲ။ တဖြည်းဖြည်း ပုပ်ရိပျက်စီးပြီး ပျောက်ပျက်ရတာပဲဆိုတော့ကာ ကျွန်တော်တို့ အသက်ရှင်ခွင့်ရနေတာဟာ ဖြစ်ခြင်းပျက်ခြင်းရဲ့ကြားက သိမှုသဘောလေးလောက်ပဲရှိတယ်ဆိုတာ မငြင်း





နိုင်တော့ဘူးပေါ့။

ဒီသဘောလေးနဲ့များ လောဘတွေ၊ ဒေါသတွေ၊ မာန်မာနတွေမနိုင်မနင်း ပွေ့ထမ်းထားဦးမလားလို့ စဉ်းစားစရာဖြစ်လာတယ်၊ ကျွန်တော် အဲ့သလောက်ပဲ သိသေးတယ်၊ ဒါသိတာနော်၊ မရှိသေးဘူး"

ယဉ်ဌေး စကားဖြတ်ပြီး ကော်ဖီပန်းကန် ယူသောက်တယ်။ ကော်ဖီပန်းကန်ပြန်ချတဲ့အထိ စကားဝိုင်းထဲမှာ သူ့ကော်ဖီပန်းကန်ထိခတ်သံကလွဲပြီး အားလုံး ငြိမ်သက်တိတ်ဆိတ်နေတယ်။

သူလည်း ဒီထက်ပိုပြီး မပြောတတ်။ ပြောစရာစကားလည်း မကျန်တော့လို့. . .

"ကဲ. . . အခုလို ဆုံခွင့်ရတာ အရမ်းကို ဝမ်းသာပါတယ်၊ ကျွန်တော့်မှာလည်း ဝေဒနာသည် အဒေါ်တစ်ယောက်ရှိနေသေးလို့ ခွင့်ပြုကြပါဦး"

"အို. . . ကောင်းပါပြီ မောင်ယဉ်ဌေးရယ်၊ နောင်လည်း ဝင်ထွက်ပါ၊ လိုအပ်တဲ့ အကူအညီလည်းပြောပါ၊ အန်ကယ်တို့ တတ်စွမ်းသလောက် ကူညီပါ့မယ်"

"ကျေးဇူးပါပဲခင်ဗျာ"

"သမီးရေ. . . မောင်ယဉ်ဌေးကို လိုက်ပို့ပါဦး"

"ဟုတ်. . ."



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီနောက် သူမနဲ့အတူ ညှော်ခန်းကထွက်လာကြပြီး ခြံထဲ ရောက်မှ ယွန်းဝတီက. . .

"ကျွန်မ ကားနဲ့ လိုက်ပို့မယ်လေ"

"ဟာ. . . နေခဲ့ပါဝတီ၊ ကျွန်တော် (၉)လမ်းထဲက ဆေးဆရာ အိမ်ကိုဝင်စရာလည်းရှိလို့ပါ၊ ကျေးဇူးပဲ"

"ရှင်ရော ရဟန်းတက်လိုက်ပါလား၊ ဖေဖေ့ကို ရဟန်းဒကာ ခံနိုင်းမယ်လေ"

"အင်း. . . မဖြစ်သေးဘူးထင်တယ် ဝတီရဲ့၊ အိမ်မှာက တူဝရီး နှစ်ယောက်တည်းရှိတာ၊ အဒေါ်က လေဖြတ်ထားတော့ သူ့ကို တစ် ယောက်တည်းထားခဲ့လို့ မဖြစ်ဘူးလေ"

"ဩော်. . . ဟုတ်တာပေါ့"

"တစ်ခုတော့ မျှော်လင့်မိတယ်"

"ဘာလဲဟင်"

"ဝတီ. . . လူထွက်လာရင် ကတုံးလေးနဲ့လည်း လှမှာပဲလို့ မြင် ယောင်မိလို့ မြင်ကြည့်ချင်တယ်၊ ဝတီ လူထွက်တဲ့နေ့ကို ကျွန်တော် လာကြိုခွင့်ရချင်တယ်၊ အဲ့ဒါလေး အန်ကယ့်ကို ပြောပေးမလား"

သူမ မျက်နှာလေးနီနီနဲ့ ငုံ့ပြုံးပြီး . . .

"အပန်းမကြီးပါဘူးရှင်၊ ကျွန်မ ပြောထားပါ့မယ်"





"ဝမ်းသာလိုက်တာ ဝတီရာ၊ ကဲ. . . သွားပြီ"

"ကောင်းပါပြီ. . ."

ယဉ်ရှေး ပျော်လွန်းလို့ ခုန်ဆွခုန်ဆွဖြစ်လာတဲ့ ခြေထောက်ကို အတော်မြိုသိပ် ထိန်းချုပ်ပြီး လိန်ကျစ်လိန်ကျစ်နဲ့ လျှောက်လာခဲ့ရ တယ်။ သူမတို့ခြံဝင်းကို လွန်လာမှ စိတ်ကို ဖွင့်ချပြီး ထခုန်ပစ်လိုက် တယ်။

"ငါကွ. . . အဟတ်ဟတ်. . ."

"ဘာ. . . သောက်ရူးထတာလဲကွ"

"ခင်ဗျာ. . ."

"မင်းခြေထောက်အောက်ကို ငုံ့ကြည့်စမ်း"

လမ်းဘေးငုတ်တုတ်ထိုင်နေသော ဦးလေးကြီးရဲ့ ငေါက်ငမ်းသံ နဲ့ ငုံ့ကြည့်တော့ သူ့ခြေထောက်အောက်မှာ ဦးထုပ်တစ်လုံး၊ ဦးထုပ်လေး ချပြီး သဒ္ဓါကြေး အလှူခံခွက်လုပ်ထားတာကို သူ တက်နင်းမိထားခြင်း ဖြစ်ရကား. . .

"ကန်. . . ကန်တော့ပါ ဦးလေးရယ်၊ အ . . . အလှူငွေထည့်မယ် နော်. . . အဟဲဟဲဟဲ. . ."

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

မိုးအကုန် ဆောင်းအကူးရဲ့ ပွင့်လင်းရာသီဟာ လူတွေရဲ့ တစ်မိုးလုံး ထိုင်းမှိုင်းလာတဲ့စိတ်ကို လွှန့်လူးစေတာအမှန်ပဲဗျ၊ ဆွမ်းသိမ်းပွဲတွေ၊ ဝါကျွတ် မီးထွန်းပွဲတွေလုပ်ကြ၊ တရားပွဲတွေကလည်း သူနဲ့ငါ အပြိုင်အဆိုင်ချိမ့်ချိမ့်သဲ၊ ယဉ်ဒွေးတို့ရပ်ကွက်မှာတောင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ကြီးငါးပါး ပင့်ဖိတ်ပြီး တရားပွဲကျင်းပလို့ အတော်အတန် လမ်းလျှောက်နိုင်တဲ့ ဒေါ်လေးမေကိုတွဲပြီးတရားပွဲပို့ပေး ကြိုပေးရသေးတော့ ဒီရက်တွေမှာ ပွဲလမ်းသဘင်ကလည်း ဆက်တိုက်ကြီးကိုဖြစ်နေတော့ ပန်းတွေလည်း ရောင်းမလောက်





သယ်မလောက်ပဲ ကိုယ့်ဆရာရဲ့၊ ယဉ်ဒွေးတို့ထောကြောပေါ့။ ယဉ်ဒွေးကလည်း ကိုယ့်ဆရာသိတဲ့အတိုင်း ပန်းအလှပြင်ဆိုင် ဖွင့်မယ်လို့စိတ်ကူးရှိထားတော့ လမ်းမတန်းမှာ ဆိုင်ခန်းတစ်ခန်းငှားသဗျ၊ ပြီးတော့ သူစုထားတဲ့ ရင်းနှီးငွေနဲ့ ပန်းခြင်း၊ ပန်းဆိုင်း၊ ပန်းဆွဲတွေ ပန်းအတုလို့ခေါ်တဲ့ စက္ကူ ပလတ်စတစ်ပန်းတွေရော တကယ့်ပန်းအစစ်တွေရော တင်ပြီးရောင်းတာကလား။

လူငယ်လည်းဖြစ် စိတ်ကူးကလဲကောင်း၊ ကိုရီးယားဘာသာစကားသင်တန်းတက်ပြီး ကိုရီးယားနိုင်ငံထုတ် ပန်းအလှပညာ စာအုပ်တွေ ဝယ်ဖတ်၊ စုဆောင်းဖန်တီးတာဟာဖြင့် တစ်ကယ့်ကိုခရီးရောက်တဲ့အခြေအနေအထိပါပဲ။ သူ့အနီးအပါးဝန်းကျင်မှာ လုပ်ငန်းတူ အပြိုင်အဆိုင်ကလည်း မရှိလေတော့ကာ တစ်ယောက်တည်းပြေးရတဲ့ ပထမပေါ့။

ဝင်ငွေကလည်း ဈေးလမ်းကြားက ပန်းသည်ဘဝနဲ့ လမ်းမပေါ်က ပန်းအလှပြင်ဆိုင်ပိုင်ရှင်ဘဝ ဘယ်တူမတုန်း။ ဒါက အပုံကြီးသာတာပေါ့။ ဆိုတော့ကာ တောက်တောက်ပြောင်ပြောင် သန့်သန့်ခန့်ခန့်ကြီးဖြစ်လာတယ်။ လုပ်ငန်းသာပြောင်းတာ ယဉ်ဒွေး စိတ်မပြောင်းဘူး။ အချိန်ရရင် ရသလို ဈေးလမ်းကြားရောက်တယ်ဗျ။ အရင်က မိုး ရေထဲ မြောင်းပုပ်နံနံစော်စော်ဘေး အတူရောင်းခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပန်းသည် ဘော်ဒါတွေအားလုံးနဲ့ အခင်မပျက် အခေါ်မပျက်ဘဲ ဒေါ်တိုးကိုလည်း အချိန်ရရင်ရသလို လက်ဖက်ရည် သွားသွားပို့တယ်။ ပြောရရင် အဆက်အသွယ်မပြတ်ဘူးပေါ့။ အဲဒါကြောင့် ထွေးခင်နဲ့လည်း ပုံမှန်ပါပဲ။ ထွေးခင်က သူ့ကြောင့် ပြည်ပမထွက်ဖြစ်တော့ဘဲ ပြည်တွင်း ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေတယ်ခင်ဗျ။ ဒေါ်တိုးကလည်း ဒါကို ပဲ'မင်းကြောင့်ဟေ့' လို့ တဖွဖွပြောပြီး ကျေးဇူးတင်နေတာပါ။

အဲ. . . အဲ. . . အဆက်အသွယ်ပြတ်သလိုလိုဖြစ်နေတာတော့ ယွန်းဝတီနဲ့ပါပဲ၊ ယွန်းဝတီရဲ့ဖခင်က ဝင်ထွက်ပါလို့ ခွင့်ပြုထားလို့ သူ သွားပါတယ်။ ရောက်ရင် အိမ်ဖော်ကြီး ဒေါ်မြနဲ့ပဲတွေ့ပြီး သာကြောင်းမာကြောင်းမေး ဟိုပြောဒီပြောနဲ့ပဲ ပြန်ခဲ့ရတာလေ။ ဦးဘဇော်က ကုမ္ပဏီက ကုမ္ပဏီဒါရိုက်တာကြီးဆိုတော့ကာ အလုပ်က အများသား။ ဒါကြောင့် မဆုံတာပါ။ ဒါပေမယ့်လည်း ယဉ်ဌေးရင်ထဲက မျှော်လင့်ချက်ကတော့ ဘယ်တော့မှ ပျက်မသွားဘူး ကိုယ့်ဆရာရဲ့။ ရှင်လိင်ပြန်တဲ့နေ့ကို မယ်ခုမမျှော်ဘဲ မောင်ခုမျှော်နေရတဲ့အဖြစ်ကြီးဆိုတော့ကာ ရင်ဖွင့်ရတာ အတော်ခက်ခက်ရယ်။

အဲ့ဒီလိုနဲ့ သီတင်းကျွတ်ပြီးလို့ တန်ဆောင်တိုင်မီးထွန်းပွဲတော် ရောက်လာတယ်ဆိုပါတော့။





"ယဉ်ဌေးရေ. . ."

"ဩော်. . . ထွေးခင်၊ နင် ဒီနေ့ နားတာလား"

ယဉ်ဌေး ပန်းခြင်းတစ်ခြင်း အော်ဒါရထားလို့ ပြင်ရင်းနဲ့. . . လှည့်မေးတယ်။ ထွေးခင် ပုခုံးလေးတွန့်ပြပြီး ယဉ်ဌေးညှပ်ပြီးချထားတဲ့ ပန်းတစ်ပွင့်ကို ကောက်ယူနမ်းမွှေးလိုက်တယ်။

"ငါတို့ မီးထွန်းပွဲလျှောက်လည်ကြရအောင်ဟာ မြို့ထဲမှာ အရမ်းစည်တာပဲ"

"နင် အလုပ်အားလို့လား"

"ငါးရက်ကြီးများတောင် ပိတ်ပေးလိုက်တာဟ"

"အင်းလေ. . . သွားတာပေါ့၊ ငါလည်း ညဖက်က ဆိုင်ပိတ်တာပဲဟာ"

"ဘာ. . . ဒါဆို နေ့ဘက်သာဖြစ်ရင် ဆိုင်ပိတ်လို့ မလိုက်နိုင်ဘူးပေါ့"

ယဉ်ဌေး ကတ်ကြေးချပြီး တစ်ရှူးလှမ်းသုတ်ရင်း . . .

"နေ့ဘက်ကရော ဘယ်သူက မီးထွန်းမှာတဲ့တုန်း. . ."

"အေးပါ. . . ပြီးရော၊ ဒီည ငါ အိမ်ကစောင့်မယ်"

"အေး. . . အေး. . ."

ထွေးခင် ဆိုင်ထဲကထွက်သွားပြီး အတော်ကြာတဲ့အထိ ဘာမှ


www.burmeseclassic.com

www.burmeseclassic.com



ဆက်မလုပ်နိုင်သေးဘဲ သူ့ဆိုင်ထဲ အရောင်စုံ အသွေးစုံ လှပနေတဲ့ ပန်းခင်းကြီးထဲ ငေးစိုက်ကြည့်နေမိတယ်။

ပြီးတော့ သူပြုံးတယ် ကိုယ့်ဆရာရဲ့ တောက်ပတဲ့အပြုံးတော့ မဟုတ်ဘူး။ မချိတင်ကဲလေးပြုံးတဲ့အပြုံးဗျ။ သူက သူ့စကားနဲ့သူ ချောင်ပိတ်မိနေတာကို သတိရသွားတာလေ။ ကိုယ့်ဆရာမှတ်မိမှာပေါ့။ 'ပန်းစိတ်ကူး' ဆိုတာပါ။ လူတွေရဲ့မျက်နှာပေါ်က ပူလောင်မှုတွေ၊ ပန်းတစ်ပွင့်ရဲ့ နှစ်သိမ့်မှုနဲ့ သန့်စင်ကြည်လင်သွားရတယ်ဆိုတဲ့ အချိန်ကလေးဟုတ်ပါပြီတဲ့ လူတွေအားလုံးရဲ့မျက်နှာကို အဲဒီ အချိန်အခိုက်အတန့်ကလေးမှာ ပီတိဖြစ်လာအောင် သူ ဖတ်နိုင် မြင်နိုင်ခဲ့ပြီ။ သူကိုယ်တိုင် ပန်းပွင့်ထောင်ပေါင်းများစွာကြားမှာ အချိန်ရှိသရွေ့ ရှိနေပါလျက်နဲ့ သူ့ကို ဘယ်ပန်းတစ်ပွင့်ကမှ မနှစ်သိမ့်နိုင်ခဲ့ပါလားလို့ သူ တွေးမိလိုက်တာကိုးဗျ။ အဲ့တော့ အီစိမ့်သွားတာပေါ့။

"မောင်ယဉ်ဌေးရေ. . ."

ဆိုင်အဝင်ဝက ခေါ်သံကြောင့် သူ လှည့်ကြည့်တော့ ဒေါ်မြ။

"ဟာ. . . အန်တီမြ လာပါ. . . ထိုင်ပါ. . ."

"မထိုင်တော့ဘူးကွယ်၊ အိမ်တံခါးပိတ်ပြီး လာရတာမို့ပါ၊ ဒီမှာ ဆရာလေးဆီက စာ လူကြုံပါးလိုက်လို့ လာပို့ပေးတာ"

ဆရာလေးဆီကဆိုတဲ့ အသိတစ်ခုနဲ့တင် ယဉ်ဌေး ခန္ဓာကိုယ်





ကြီး ယိုင်သွားမတတ် တုန်ခါသွားပြီး ဒေါ်မြဆီက စာကို အရေးတကြီး ပြေးယူလိုက်မိတယ်။

"ကဲ. . . အဒေါ်ပြန်တော့မယ်"

"ဟုတ်ကဲ့ပါ. . . ကျေးဇူးပဲနော် ဒေါ်မြ"

ဒေါ်မြ ပြန်ထွက်သွားတယ်ဆိုရင်ပဲ ယဉ်ဌေး အူတွေအသည်းတွေ ကလူကလူဖြစ်လာပြီး ပန်းပြင်နေတဲ့စားပွဲပေါ် ပြေးထိုင်ပစ်လိုက်တယ်။ စောစောက တယုတယ ညှပ်ပြီးချထားတဲ့ပန်းတွေလည်း သူ့တင်ပါးအောင် ပိလိုပြားလို့ပေါ့။

"အဟတ်ဟတ်. . . မဟုတ်မှလွဲရော၊ ဘယ်နေ့ လူထွက်မယ်ဆိုတာ အသိပေးတဲ့စာပဲ ဖြစ်ရမယ်၊ လာကြိုရတော့မယ်ဆိုပါတော့. . . အဟိဟိ"

ယဉ်ဌေး ပျော်တာရော ရင်ခုန်တာပါ ပေါင်းပြီး ခြေတုန်လက်တုန်နဲ့ စာခေါက်ကလေးကို ဖွင့်ဖတ်လိုက်တယ်။

ဒကာကြီးယဉ်ဌေး

ဆရာလေး စာရေးလိုက်တယ်။

ကလျာဏမိတ္တအစစ်ဖြစ်တဲ့ ဒကာကြီးနဲ့ ဆုံခွင့်ရတဲ့ကုသိုလ်တွေဟာ အင်မတန် ကျေးဇူးကြီးလှလို့ ဆရာလေး နေ့တိုင်း မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com


ပို့ပါတယ်၊ ဒကာကြီးပေးတဲ့အသိနဲ့ ဆရာလေး ဉာဏ်ဖွင့်နိုင် ခဲ့ပါပြီ။ ပညတ်နဲ့ ပျော်ပိုက်တဲ့ လောကီနယ်ဟာ ပရမတ် ဆက်ဆက်ရှိနေတဲ့ လောကုတ္တရာနယ်နဲ့ ယှဉ်ရင် အချည်းအနှီး ပါလားလို့ ကိုယ်တွေ့နဲ့ သိခွင့်ရတဲ့အတွက် ဆရာလေး ရာသက် ပန် ထေရိဘဝနဲ့ နေသွားဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ မယ်တော် ဆရာကြီးကတော့ ခမည်းတော်ရဲ့ ဝတ္တရားတွေရှိနေသေးတဲ့ အတွက် လာမယ့်တနင်္ဂနွေမှာ လူထွက်ပါလိမ့်မယ်။ ဒကာကြီး လိုက်လာချင်သပဆို လိုက်လာနိုင်ဖို့ ခမည်းတော်ကို ခွင့်ပန် ထားပြီးပါပြီ . . .

ဒကာကြီးယဉ်ဌေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ

လေးစားစွာဖြင့်

ဒေါ်ယုဓမ္မစာရီ

ခေတ္တ

ဖားအောက်တောရတရားစခန်း

"သေရောကွာ. . . သေ. . . သေ. . . သေစမ်းဟ"

ယဉ်ဌေး အကြီးအကျယ် တုန်လှုပ်ပြီး သူ့နဖူးသူ တစ်ဖတ်ဖတ် ရိုက်ပစ်ရင်း ပန်းပြင်တဲ့ခုတင်ပေါ်မှာ ပက်လက်လှန်ချပစ်လိုက်တယ်။





ရင်ဘတ်တစ်ခုလုံးလည်း လေးလေးကြီးဖြစ်ရာကနေ ရုတ်တရက် ဖွင့် ဖေါက်ခံလိုက်ရသလိုမျိုး လွင့်ဟာကုန်တယ်။

ဒကာကြီးပေးတဲ့အသိနဲ့ ဆရာလေး ဉာဏ်ဖွင့်နိုင်ခဲ့ပါပြီတဲ့။ ငါ့နှယ် ငါ ဘာတွေတော်ကီပွားမိပါလိမ့်၊ တောက်. . . ဒုက္ခပါပဲ။

ယဉ်ဌေး ညည်းတွားရင်း ထထိုင်ပြီး စာကို တစ်ခေါက်ပြန်ဖတ် တယ်။ ပြီးတော့ ထပ်ဖတ်တယ်။ နှစ်ခါ သုံးခါ လေးခါ။

အဲ့ဒီနောက်တော့ ယဉ်ဌေး ခေါင်းငိုက်စိုက်ကျသွားပါတော့ တယ်။

ကျွန်တော် ဒီလိုမျိုး ဝေးရမယ်မှန်းသိရင် ငရဲမင်းကိုပဲ ခါး တောင်းကျိုက်ပေးရပေးရ ဒီလိုစကားမျိုး သေတောင် ပြောမှာမဟုတ်ပါ ဘူး ဝတီရယ်၊ ဟာ. . . ငါတော့ ရူးတော့မှာပဲ၊ လုပ်ကြပါဦး ပန်းတွေ ရယ်၊ ငါ့ကို ကယ်ကြပါဦး၊ ငါ့ကို ကျေးဇူးပြုပြီး နှစ်သိမ့်ကြပါဦး။ မင်းတို့ ရဲ့ ဖြားယောင်းမှုတွေနဲ့ ငါ့စိတ်ကို ငြိမ်အောင် လုပ်ပေးကြပါ။ ပန်းတွေ ရဲ့ ရနံ့တွေ၊ အလှတွေ၊ အဆင်းတန်ဆာတွေ၊ ကလူကျီစယ်မှုတွေ ဘယ်လို ရှုက္ခအမျိုးအပေါင်းတို့ မတတ်နိုင်တဲ့ မင်းတို့ရဲ့ စိတ်ကူးလေးတွေနဲ့ ငါ့ကို ငါ့ကို အား. . . ဟား. . . ။

●


www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်ဆို ယဉ်ဌေး ဆိုင်ပိတ်ပြီပဲ။ မနေ့ကတောင် ခုနစ်နာရီလောက် အိမ်ရောက်လာသေးတယ်။

ထွေးခင် အလှဆုံးပြင်ပြီး အမြင့်ဆုံး မော့ထားတဲ့မေးလေးနဲ့ မျှော်နေပေမယ့် ပေါ်မလာတဲ့ယဉ်ဌေးကြောင့် စိတ်မရှည်နိုင်တော့ဘဲ ယဉ်ဌေးရဲ့ပန်းဆိုင်ရှိရာ လမ်းမတန်းကို ခပ်သွက်သွက်လေး လျှောက်လာတယ်။ အတော်ခပ်လှမ်းလှမ်းကတည်းက ယဉ်ဌေးရဲ့ဆိုင် မီးလင်းနေတာလဲ တွေ့၊ ဆိုင်တံခါးလည်း ဟောင်းလောင်းပွင့်နေတော့ကာ ပိုဒေါသဖြစ်ပြီး ခြေလှမ်းကြဲကြီးနဲ့ ရောက်သွားတယ်။



"ဟဲ့. . . အကောင်. . ."

သူမ ဆိုင်ထဲကိုခုန်မဝင်ရုံတမယ် ရောက်သွားပြီးမှ ပြန်ထွက်…
ပြေးတော့မလိုတောင် ဖြစ်ပြီး မျက်လုံးဝိုင်းကြီးတွေနဲ့ မှင်တက်မိသွာ…
တယ်ခင်ဗျ။

ဆိုင်ထဲမှာလည်း ပန်းတွေကလည်း ဖရိုဖရဲ ပိတာပိ၊ ပြားတာ…
ပြား၊ စားပွဲတွေ ခုံတွေအားလုံး ပိုးလိုးပက်လက်တွေလန်ပြီး ဆိုင်ထဲမှ…
ဗုံးကွဲထားသလို ဖြစ်နေတာလေ။ အဲ့ဒီကြားထဲကနေ မွှေးပျံ့တဲ့ပန်းရနံ့…
အစား အရက်နံ့တွေ ထောင်းထောင်းထနေတော့ ထွေးခင် လန့်မယ်ဆို…
လည်း လန့်စရာပါ။

အဲဒီအချိန်မှာပဲ ဆိုင်အတွင်း ပြိုလဲနေတဲ့ပန်းစင်ကြားထဲက…
ယဉ်ဌေး ထထိုင်ပြီး မဖွင့်တော့တဲ့မျက်လုံးတွေနဲ့ ဟိုဒီဘက်စမ်းရင်း…
အရက်ပုလင်းပြားတစ်လုံးကို စမ်းမိသွားတယ်။ ထွေးခင် ရပ်ကြည့်မနေ…
နိုင်တော့ပါဘူး။ မှင်တက်မိနေရာကနေ သတိဝင်လာပြီး ယဉ်ဌေးရှိရာ…
ပြေးသွား၊ လက်ထဲကပုလင်းကို ဆွဲလုပြီး လွှင့်ပစ်ပေါ့။ ပြီးမှ ယဉ်ဌေးကို…
ဆွဲထူတယ်။ ဒါပေမယ့် ဘယ်နိုင်မလဲ။

"အား. . . အိုး. . ."

နှစ်ယောက်စလုံး ပန်းပုံထဲ လုံးထွေးကျကုန်ရော။

"နင်. . . ဒါ. . . ဘာလုပ်တာလဲ ယဉ်ဌေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အရက်သောက်တာ"

"ဘာအတွက်လဲ"

"အသည်းကွဲလို့"

"ဘာ. . ."

"ငါ့အသည်းတွေ ကွဲကုန်ပြီဟ"

အဲ့ဒီအခိုင်မှာပဲ ယဉ်ဒွေး ရင်ဘတ်ထဲက တစ်စွန်းတစ်စ ထွက်နေတဲ့ စာတစ်စောင်ကို တွေ့သွားပြီး ယူဖတ်ကြည့်လိုက်တယ်။ ဖတ်ရင်းက ထွေးခင် မျက်လုံးတွေ တဖြည်းဖြည်း တောက်ပပြီး ပြုံးလာတယ်။

ဒါဆို သူ မထွက်တော့ဘူးပေါ့။ ဘုရားရေ. . .ဝမ်းသာလိုက်တာ။

ထွေးခင် ဘယ်လောက်ထိ ဝမ်းသာသွားသလဲဆိုရင် ရေးပြချင်လိုက်တာ ကိုယ့်ဆရာရယ်။ အခုမှပဲ စိတ်ဒုန်းဒုန်းချနိုင်တော့တယ်ဆိုတဲ့ အမူအရာမျိုးနဲ့ နမ်းနထူးဖြစ်နေတဲ့ ယဉ်ဒွေးကို ရွှန်းရွှန်းစားစားကြီး ကြည့်နေလိုက်ပုံများ အံ့ရောဗျ. . .။

နီတုံရဲ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com